ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၁ ရက် သောကြာနေ့။ Friday, 26 May 2017 (၈၉၃၆)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ ) ရာစုပင်လုံ( ဒုတိယအစည်းအဝေး )အား ဂုဏ်ပြုပါ၏



မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

စာမျက်နှာ » ၃

မပြီးသေးသော ပန်းချီကားနှင့် အရေးကြီးသော စုတ်ချက်များ

စာမျက်နှာ » ၆

ငွေဆောင်ကမ်းခြေအနီး ခေတ်မီအိမ်ရာ စီမံကိန်း ဖော်ဆောင်လျက်ရှိ

စာမျက်နှာ » ၇

ကိုယ့်နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဖက်ဒရယ်ပုံစံကို သွားရမယ်

စာမျက်နှာ » ၉



စီးပွားရေးကဏ္ဍဆွေးနွေးပွဲ မွန်းလွဲပိုင်းတွင် ဦးဆောင်သဘာပတိ ခွန်တင်ရွှေဦး အဖွင့်အမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-( ၂၁ )ရာစုပင်လုံ (ဒုတိယအစည်းအဝေး )ဒုတိယနေ့ကျင်းပ
## နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေးကဏ္ဍများဆွေးနွေး

နေပြည်တော် မေ ၂၅

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းဝေး) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၂(MICC-2) သတ်မှတ်နေရာအသီးသီး၌ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးပွဲများကို ကျင်းပသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

# ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ခုနစ်ဖွဲ့တို့တွေ့ဆုံ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထပ်မံတွေ့ဆုံကာ နိုင်ငံရေးရပ်တည်ချက်စာအုပ် ပေးအပ်မည်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့ဖြစ်သည့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ/ “ဝ”ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်-(NDAA)၊ ကချင် လွတ်လပ်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော် (MNDAA)၊ ရက္ခိုင့်တပ်မတော် (AA)တို့နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် မေ ၂၆ ရက်တွင် တွေ့ဆုံမည်ဖြစ်ပြီး မြောက်ပိုင်းအဖွဲ့များ၏ နိုင်ငံရေးရပ်တည်ချက်စာအုပ်ကို အတိုင်ပင်ခံ ပုဂ္ဂိုလ်အား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

“ဝ” ပြည်နယ် ပြင်ပဆက်ဆံရေးဌာနမှူး ကျောက်ကော့အန်းက “နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မနက်ဖြန်တွေ့ဖို့တော့ရှိတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့ရင် ဘာပြောမလဲ ဆိုတာကို လောလောဆယ် တိုင်ပင်ဆွေးနွေးဖို့ ပြင်ဆင်ထားတာမရှိဘူး။ အခုတစ်ခေါက်ညီလာခံဟာ ချောမွေ့ကောင်းမွန် တယ်။ ကျွန်တော်တို့ ဖွဲ့ထားတဲ့ကော်မတီမှာ နိုင်ငံရေးရပ်တည်ချက်ကို ရေးဆွဲထားတာရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စာအုပ်ထုတ်ထားတာ ဖြန့်ဝေပေးမယ်။ အချို့မီဒီယာတွေ အထင်လွဲနေတာရှိတယ်။ ကျွန်တော်တို့ ဖွဲ့ထားတဲ့ကော်မတီဟာ အစိုးရကို တိုက်ခိုက်တယ်ဆိုတာ မဟုတ်ဘူး။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



ကြေးမုံ

# အကြိုတ်အနယ်အချေအတင်အဖြေရှာ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအကြိမ် အစည်းအဝေး)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2)တွင် ကျင်းပနေသည်။ မတူကွဲပြားသူများ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး အကြိတ်အနယ်ညှိနှိုင်းအဖြေရှာခြင်းသည် နောက်ဆုံးတွင် ကောင်းမွန်သည့်ရလဒ်အဖြေတစ်ခုကို ပေါ်ထွက်လာနိုင်ပေသည်။

ငြိမ်းချမ်းရေးဆွေးနွေးခြင်းမှာ ပေါ်ပင်အများအကြိုက်ပြုလုပ်ခြင်း၊ နိုင်ငံရေးအရ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းတို့ကို ပြုလုပ်ခြင်းမဟုတ်ဘဲ တက်ရောက်လာသူအားလုံး ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အများလက်ခံနိုင်သည့် သဘောတူညီချက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်နည်းဆိုသော် သဘောကွဲလွဲမှုများမှတစ်ဆင့် ဘုံသဘောတူညီချက်များ ပေါ်ထွက်လာအောင် ဆွေးနွေးညှိနှိုင်းအဖြေရှာနေခြင်းဖြစ်သည်။

အမြင်မတူသဘောကွဲလွဲမှုကို အကြောင်းပြုသည့် ဆွေးနွေးညှိနှိုင်းမှုသည် ခင်မင်ရင်းနှီးမှု၊ နားလည်စာနာမှု၊ မျှဝေခံစားမှုများ တိုးပွားလာနိုင်သည့် ရလဒ်ကောင်းများရှိသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဆွေးနွေးမှုမပြုဘဲ ရန်တုဖက်ပြိုင်ခြင်းသည် မည်သည့်အခါမျှ ငြိမ်းအေးမှုကို ရနိုင်မည်မဟုတ်ချေ။ ကမ္ဘာပေါ်တွင် အစွန်းရောက်အကြမ်းဖက်သမားနှင့် ရင်ဆိုင်ရသောဒေသများမှလွဲ၍ ကျန်ဒေသများတွင် ငြိမ်းချမ်းခြင်းကို တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ရရှိအောင်ဆောင်ရွက်နိုင်ကြသည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ငြိမ်းချမ်းရေးကို အကွေ့အကောက်၊ အတက်အဆင်းများစွာဖြင့် ဖြတ်သန်းခဲ့ရသည်။ နိုင်ငံအများစုတွင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းခြင်းကို တည်ဆောက်နိုင်သလို မြန်မာနိုင်ငံအနေဖြင့်လည်း ယနေ့ကဲ့သို့ အခြေအနေကောင်းများရရှိနေချိန်တွင် ငြိမ်းချမ်းရေးကို မရရအောင်ယူသင့်ပေသည်။ ယခု ဒုတိယအကြိမ် နိုင်ငံရေးဆွေးနွေးမှုတွင် ကြိုးစားအားထုတ်မှုများ အရာထင်လာပြီဟုဆိုရမည်ဖြစ်သည်။

ယနေ့တွင် အစုအဖွဲ့အလိုက်ဆွေးနွေးကြသည်။ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ ယနေ့ဆွေးနွေးမှုများမှာ ခိုင်မာသောအခြေခံမှုများရှိပြီးဖြစ်သည်။ ဒုတိယအကြိမ်ပင်လုံမတိုင်မီက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက်တင်ပြချက်များမှတစ်ဆင့် တက်လာသည့် စာတမ်းများကိုအခြေခံသော ဆွေးနွေးချက်များရရှိခဲ့ပြီး နောက်ဆုံးကော်မတီတွင် ထပ်မံဆွေးနွေးညှိနှိုင်းအတည်ပြုခဲ့ရာ အားလုံးလက်ခံနိုင်သည့် အခြေခံမူ (၄၁) ချက်ရရှိထားသည်။

ထိုသို့သော အခြေအနေသို့ရောက်အောင် မျှော်လင့်ခဲ့သော ပြည်သူပြည်သားများ၊ ရဲဘော်ရဲဘက်စိတ်များနှင့် စုဝေးလုပ်ကိုင်ကြသော ငြိမ်းချမ်းရေးအကျိုးဆောင်များအား အသိအမှတ်ပြုကြရမည်ဖြစ်သည်။ မငြိမ်းချမ်းသောခရီးလမ်းတွင် ဖြတ်သန်းခဲ့ကြရသော တိုင်းရင်းသားပြည်သူများအား စာနာထောက်ထားကြရမည်ဖြစ်သည်။ ထို့အပြင် ယခုအကောင်အထည်ဖော်နေသော ငြိမ်းချမ်းရေးခရီးလမ်းကို ကမကထပြုဆောင်ရွက်မှုပြုနေကြသည့်ပုဂ္ဂိုလ်များအား ကလျာဏမိတ္တစိတ်ဓာတ်ဖြင့် နားလည်မှု၊ ယုံကြည်မှုများနှင့် ကြုံတွေ့လာရသည့်အခက်အခဲများကို ကျော်လွှားနိုင်အောင် အားပေးကူညီကြသူများကိုလည်း ကျေးဇူးတင်ရမည်ဖြစ်သည်။

ယခုနှစ်ကာလ ၂၀၁၇ ခုနှစ်သည် ငြိမ်းချမ်းရေးရရှိအောင် အလေးထားဆောင်ရွက်နေသောနှစ်ဖြစ်၍ "ငြိမ်းချမ်းရေးနှစ်"အဖြစ်သတ်မှတ်ထားသည်။ ယခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ်များကို စိုက်ထူကြမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် သိမ်မွေ့နက်နဲရှုပ်ထွေးလှသဖြင့် ထာဝရငြိမ်းချမ်းရေးခရီးရှည်ကြီးကို အားလုံးလက်ချင်းချိတ်ဆက်၍ လျှောက်လှမ်းကြရဦးမည်ဖြစ်သည်။ အဓိကမှာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံထားကာ တိုင်းရင်းသားပြည်သူများအတွက် ဖြူစင်သောစိတ်ထားများဖြင့် ငြိမ်းချမ်းရေးမပျက်ယွင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စည်းလုံးမှု၊ မျှဝေနားလည်မှု၊ စာနာထောက်ထားမှု၊ ညီညွတ်မှုတို့ဖြင့် ပင်လုံစိတ်ဓာတ်ကို အခြေခံကာ ငြိမ်းချမ်းရေးခရီးလမ်းတွင် ကြုံတွေ့လာနိုင်သည့်စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားရင်းစစ်မှန်ပြီး ခိုင်မာသည့်ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးကြဖို့ တိုက်တွန်းချင်ပါသည်။ ။




## (၂၁) ရာစုပင်လုံညီလာခံ ထောက်ခံခြင်းအထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကျင်းပ

**ခင်ဦး မေ ၂၅**

(၂၁)ရာစု ပင်လုံညီလာခံအားထောက်ခံခြင်းအထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပြီး ယနေ့ နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ငါးရုံကြီးကျေးရွာအုပ်စု ရှားတောကျေးရွာ အဝင်လမ်းတစ်လျှောက်၌ စိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပွဲတော်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်ချို့နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်၊ ကျေးရွာရှိပြည်သူများက ကျွန်းပင် ၅၀၀ ကို ရွာဝင်လမ်းဘေးဝဲ၊ယာ တစ်လျှောက် တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

## မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေး သီပေါ၌ အလုပ်ရုံဆွေးနွေး

**သီပေါ မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရှမ်းပြည်နယ်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းက အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနဦးစီးမှူး ဦးထွန်းနိုင်က မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ မီးဘေး၊ ရေဘေး၊ လေပြင်းဘေးနှင့် မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ပတ်သက်၍ ပြည်နယ်ဦးစီးမှူးက ဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**




## ပင်လုံတေး

❖ မိုးစက်တွေစုပေါင်း
ရေစီးကြောင်းကို
မြောင်းလို့ခေါ်တယ်။
❖ မြောင်းတွေစုပေါင်း
ရေစီးကြောင်းကို
ချောင်းလို့ခေါ်တယ်။
❖ ချောင်းတွေစုပေါင်း
ရေစီးကြောင်းကို
မြစ်ကြောင်းဆိုတယ်။
❖ မြစ်တွေစုပေါင်း
ရေစီးကြောင်းကို
ပြောင်းလဲဆိုဖွယ်ပင်လယ်။
❖ ပင်လယ်တွေစုပေါင်း
ရေစီးကြောင်းဟာ
သမုဒ္ဒရာဆိုရင်...
သမုဒ္ဒရာရေထု
တို့ပြည်ထောင်စု
ပေါင်းစုခွန်အား
ညီနောင်ဖွားတို့
မူဘောင်စံထား
စိတ်သစ်ကိုမွေးဖွား
ပြည်ထောင်တစ်လွှားမှာ
ဒီမိုကရေစီမိုးသားများ
ရွာပါစေသား အေးစေအများ။
(၂၁) ရာစုပင်လုံညီလာခံအား ဂုဏ်ပြုပါသည်)

**နိုင်ခင်ရွှေ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၅**

ရန်ကုန်(ရွှေဈေး) ၉၀၆၀၀၀ - ၉၀၆၀၀၀ မန္တလေး(ရွှေဈေး) ၉၀၆၀၀၀ - ၉၀၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၄၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၈/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၅/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၁၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉.၇၈၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၇၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၃.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၁၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၆.၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ



## မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော်၊ မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆောင်ရွက်မှုဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူး ကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E.Dr.S. Jaishankar တို့သည် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇရာဝတီခန်းမ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H.E. Dr. S. Jaishankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ စီမံခန့်ခွဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ဆက်သွယ်မှုပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အပြင် ခရီးသွားလုပ်ငန်း၊ ကောင်စစ်ရေးရာ၊ ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူညီထားပြီးသည့် နယ်နိမိတ်ကို အပြန်အလှန်လေးစားရေး၊ အငြင်းပွားဖွယ်ရာ နယ်နိမိတ်ကိစ္စများနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းကွင်းဆင်းစစ်ဆေးကာ ဖြေရှင်းဆောင်ရွက်သွားရေး၊ ထပ်တိုးမှတ်တိုင်များ စိုက်ထူရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအား နယ်နိမိတ်ဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်ပြုလုပ်သွားရေးနှင့် နှစ်နိုင်ငံအကြား ကျန်ရှိနေသည့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Park Royal ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐



### ✪ ငြိမ်းချမ်းရေးကော်မရှင်မှ

ကျွန်တော်တို့ ဖွဲ့တယ်ဆိုတာ ပြည်တွင်းရဲ့ပြဿနာကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ဖို့ ဖွဲ့ထားတာပါ။ ဖွဲ့ထားတဲ့ ကော်မတီက နိုင်ငံရေးနဲ့ဆိုင်ပါတယ်” ဟု ပြောသည်။

ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေး အဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်လာသည့် မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့အား ယနေ့နံနက်ပိုင်းက သီးခြားစီ သွားရောက်တွေ့ဆုံခဲ့သည်။

ဒေါက်တာတင်မျိုးဝင်းက “အခုတစ်ဖွဲ့ချင်းစီကို ကျွန်တော်တို့ တွေ့ဆုံပါတယ်။ ကျေးဇူးတင်ကြောင်း ပြောတယ်။ မြောက်ပိုင်းအဖွဲ့တွေနဲ့က ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ချက်ခြင်းတူတယ်။ အခုသူတို့ပေးတဲ့ အရာ



ကျော်ကော့အန်း



ဒေါက်တာတင်မျိုးဝင်း



ဦးသိန်းဇော်

တွေအကုန်လုံး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆီ ကျွန်တော်တို့ တင်ပြပေးမယ်။ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ ဒေသခံပြည်သူတွေရဲ့ အကျိုးကို ဆောင်ရွက်မယ်။ အခု ကျွန်တော်တို့ မြင်ရတယ်။ တွေ့ဆုံခွင့်ရတယ်။ ယုံကြည်မှုတည်ဆောက်ဖို့အတွက် မျက်နှာချင်းဆိုင် စကားပြောတယ်။ ပုဂ္ဂိုလ်ရေးအရ လွတ်လွတ်လပ်လပ် တွေ့တာပါ။ တွေ့ဆုံမှုကတိုးတက်မှုရှိတယ်” ဟု မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။

မြောက်ပိုင်းအဖွဲ့များသည် စတုတ္ထအကြိမ် ပန်ခမ်းအစည်းအဝေးတွင် သဘောတူညီခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းနှင့် ၇၀ ရာခိုင်နှုန်းတူညီသော ယင်းတို့၏ နိုင်ငံရေးရပ်တည်ချက်စာအုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မူကိုလက်မခံရင်လည်း ဘာမှမပြောနိုင်ဘူး။ ဒါပေမဲ့ ဆက်ပြီး ဆောင်ရွက်နိုင်အောင်၊ ထိုးဖောက်နိုင်အောင်၊ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားမယ်။ တစ်နေ့နေ့မှာတော့ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးရမယ်လို့ ယုံကြည်တယ်” ဟု ကျော်ကော့အန်းက ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KIA မှ ဦးအန်ဘန်လနှင့် ဇနီးတို့ကို နေ့လယ်စာနှင့် တည်ခင်းဧည့်ခံ၍ KIA၊ SSPP၊ UWSA၊ NDAA တို့နှင့် တွေ့ဆုံမည်။ ယင်းနောက် AA၊ TNLA၊ MNDAA တို့နှင့် ဆက်လက် တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးထံမှ သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြောက်ပိုင်းအဖွဲ့များနှင့် တွေ့ဆုံမှုအပေါ် ဦးဇော်ဌေးက “တွေ့တဲ့အပိုင်းက နေပြည်တော်ကို မြောက်ပိုင်းအဖွဲ့တွေ ရောက်လာတယ်။ ညီလာခံတက်တယ်။ ညစာစားပွဲတက်တယ်။ နေပြည်တော် ရောက်လာတဲ့ မြောက်ပိုင်းအဖွဲ့တွေကို ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်းဖြစ်ပါတယ်” ဟု သတင်းမီဒီယာများအား ဖြေကြားခဲ့သည်။

မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့သည် မေ ၂၃ က နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ကျော်ဇေယျ**

# ဘရာဇီးသမ္မတအား ရာထူးမှ နုတ်ထွက်ပေးရန် ပြည်သူများဆန္ဒထုတ်ဖော်

**ဘရာဆီးလီးယား မေ ၂၅**

ဘရာဇီးသမ္မတ မစ်ချယ်တီမာက အကျင့်ပျက်ခြစားမှု တစ်ခုတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့ပြီးနောက် ဘရာဇီးပြည်သူများက သမ္မတအား ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မေ ၂၅ ရက်တွင် ပြည်သူ ၃၀၀၀၀ ကျော်သည် ဘရာဆီးလီးယားမြို့အနှံ့အပြား၌ ချီတက်ကာ သမ္မတ မစ်ချယ်တီမာအား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ အချို့ဆန္ဒထုတ်ဖော်သူများက အစိုးရရုံးများအား မီးရှို့ဖျက်ဆီးကာ ပြတင်းပေါက် မှန်တံခါးများကို ရိုက်ခွဲခဲ့ကြသည်။

လုံခြုံရေးအရာရှိများက ရော်ဘာကျည်ဆန်များ အသုံးပြုကာ ဆန္ဒထုတ်ဖော်သူ ပြည်သူများအား ထိန်းချုပ်ဟန့်တားခဲ့သည်။

သမ္မတတီမာနှင့် အသားထုပ်ပိုးကုမ္ပဏီအမှုဆောင် အရာရှိချုပ်တို့၏ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်ပြီး ဆွေးနွေးပြောဆိုခဲ့ကြသည့် အသံဖိုင်ထွက်ပေါ်ခဲ့ပြီးနောက် ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါအသံဖိုင်အရ သမ္မတတီမာက အကျင့်ပျက်ခြစားမှုတစ်ခုနှင့်ပတ်သက်ပြီး ထောင်ဒဏ်ကျခံနေရသူ တစ်ဦးအား သတင်းအစအန ထပ်မံပေါက်ကြားမှုမရှိစေရန် ကြိုးပမ်းမှုတစ်ရပ်တွင် ပါဝင်ခဲ့ကြောင်း ဖော်ပြနေသည်။

သမ္မတ တီမာက သူ့အပေါ် စွပ်စွဲသည့်စွဲချက်များကို ငြင်းပယ်ခဲ့သည်။ တပ်မတော်အား မြို့တော်အတွင်း၌ တစ်ပတ်အတွင်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန် လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းပြောကြားထားသည်။ သမ္မတတီမာအား ရာထူးမှနုတ်ထွက်ရန် ပြည်သူများ၏ တောင်းဆိုမှုများ တစ်နေ့တခြား မြင့်တက်လျက်ရှိကြောင်း ဒေသတွင်း မီဒီယာများက ရေးသားကြသည်။

**အင်န်အိတ်ချ်ကေ။**






# မြို့တော်ဂျကာတာ၏ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် အသေခံဗုံးဖောက်ခွဲ

**ဂျကာတာ မေ ၂၅**

မေ ၂၄ ရက် ညပိုင်းက အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် အသေခံဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ရဲအရာရှိသုံးဦး သေဆုံးခဲ့ပြီး လူ ၁၀ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့သတင်းများ အရသိရသည်။

မေ ၂၄ ရက် ည ၉ နာရီဝန်းကျင်တွင် ဂျကာတာမြို့တော် အရှေ့ပိုင်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။

အဆိုပါဗုံးသည် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်းနှင့် အခင်းဖြစ်ပွားရာ အနီးဝန်းကျင်တွင် ဗုံးဖောက်ခွဲသူ၏ အလောင်းကို တွေ့ရှိရကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။

ဗုံးနှစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများကဆိုသည်။ ဗုံးပေါက်ကွဲပြီးနောက် မော်တော်ဆိုင်ကယ်တစ်စီးနှင့် ဘတ်စ်ကားမှတ်တိုင်မှန်များကွဲကာ ပျက်စီးနေပုံများကို သတင်းဌာနများ၏ မှတ်တမ်းဓာတ်ပုံများတွင် တွေ့ရှိရသည်။

လွန်ခဲ့သောနှစ် ဇန်နဝါရီလတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များက မြို့တော်အတွင်း ဗုံးဖောက်ခွဲမှုများ လုပ်ဆောင်သည့်အပြင် သေနတ်များဖြင့် ဦးတည်ရာမဲ့ ပစ်ခတ်ခြင်းကြောင့် လူလေးဦးသေဆုံးခဲ့ရသည်။

အင်ဒိုနီးရှား ရဲအရာရှိများက ယခုဘတ်စ်ကားမှတ်တိုင်တွင် ဗုံးဖောက်ခွဲမှုသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ လုပ်ရပ်ဖြစ်နိုင်ခြေရှိကြောင်း ၎င်းတို့၏ ထင်မြင်ယူဆချက်ကို မီဒီယာသို့ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# အိန္ဒိယ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစီအစဉ်ရန်ပုံငွေအတွက် ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချမည်

**နယူးဒေလီ မေ ၂၅**

အိန္ဒိယနိုင်ငံ၏ သန့်ရှင်းသော စွမ်းအင်သုံးစွဲရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေး အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး အစီအစဉ်အတွက် ရန်ပုံငွေရရှိနိုင်ရန် ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချရေးအဆိုပြုချက်တစ်ရပ်ကို အစိုးရအဖွဲ့က သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ဖွံ့ဖြိုးရေးစီမံကိန်းများ၌ အသုံးပြုနိုင်ရန် ရန်ပုံငွေရရှိရေးအတွက် ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချရေးကို အိန္ဒိယဝန်ကြီးအဖွဲ့က သဘောတူညီသည်ဟု မေ ၂၄ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် ထက် နောက်မကျဘဲ လျှပ်စစ်ဓာတ်အား ၁၇၅ ဂီဂါဝပ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ထုတ်လုပ်သွားရန် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့က လျာထားသတ်မှတ်ပေးခဲ့သည်။ အစိုးရ၏လျာထားချက်နှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ထုတ်လုပ်နိုင်ရေးအတွက် ဒေါ်လာ ၁၀၀ ဘီလီယံခန့်အထိ ရင်းနှီးမြှုပ်နှံရန် လိုအပ်လျက်ရှိကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး အေဂျင်စီက ပြောကြားသည်။

**ဆင်ဟွာ။**

# တောင်တရုတ်ပင်လယ်တွင်းရှိ တရုတ်ပိုင်ကျွန်းတုအနီးအပါးမှ အမေရိကန် ရေတပ်စစ်သင်္ဘော ဖြတ်သန်းခုတ်မောင်း

**ပေကျင်း မေ ၂၅**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ် တစ်စင်းသည် တောင်တရုတ် ပင်လယ်တွင်း၌ တရုတ်နိုင်ငံက တည်ဆောက်ထားသော ကျွန်းတု တစ်ကျွန်း၏အနီး ရေမိုင် ၁၂ မိုင် အကွာအဝေးအတွင်းမှ ဖြတ်သန်းခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက မေ ၂၅ ရက်တွင် ပြောကြားကြသည်။

မဟာဗျူဟာကျသော တောင်တရုတ် ပင်လယ်ရေလမ်းကြောင်း အတွင်း အမေရိကန်ရေတပ်သင်္ဘောက တရုတ်ပိုင်ကျွန်းတု တစ်ကျွန်းအနီးအပါးမှ ဖြတ်သန်းခုတ်မောင်းခြင်းမှာ အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့် အာဏာရရှိခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပြီး တရုတ်နိုင်ငံအား စိန်ခေါ်မှု အဖြစ်ရှုမြင်ရသည်။

ယူအက်စ်အက်စ်ဒီဝီ အမည်ရှိ အမေရိကန် စစ်ရေယာဉ်သည် စပရက်တလီကျွန်းစုတွင် ပါဝင်သည့် မစ်ချီသန္တာကျောက်တန်းအနီးအပါးမှ ခုတ်မောင်းခဲ့ကြောင်း စပရက်တလီကျွန်းစုတွင် ကျွန်းသိမ်များ၊ သန္တာကျောက်တန်းများနှင့် သောင်စွယ်များ ပါဝင်ပြီး ယင်းကျွန်းစုများပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသည်။

ယင်းစစ်ရေယာဉ်က အမေရိကန်နိုင်ငံအား သတိပေးလိုသည်မှာ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ရှိရေးဖြစ်ကြောင်း၊ သို့ရာတွင် မိမိ၏စစ်သင်္ဘောများက အမေရိကန်စစ်သင်္ဘောကို သတိပေးမှုပြုလုပ်ခဲ့ကြောင်း၊ ယခုဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံက အမေရိကန်အစိုးရအား ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အိုင်အက်စ်တိုက်ဖျက်ရေးလုပ်ငန်းတွင် နေတိုး၏အခန်းကဏ္ဍရရှိရေး ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ထောက်ခံ

**ဘရပ်ဆယ် မေ ၂၅**

အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) တိုက်ဖျက်ရေးလုပ်ငန်းတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ အခန်းကဏ္ဍရှိရေး အမေရိကန်၏ အစီအစဉ်ကို ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့ သဘောတူညီကြမည်ဖြစ်ကြောင်း ဥရောပအထက်တန်းသံတမန်များ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရန့်သည် နေတိုးအဖွဲ့၏အစည်းအဝေးသို့ ပထမဆုံးအကြိမ် တက်ရောက်ရန် ရှိနေစဉ်သံတမန်များက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ကို အခြေပြု၍ အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းနေသော အိုင်အက်စ်အဖွဲ့၏ စစ်သွေးကြွများအား ချေမှုန်းလျက်ရှိသည့် ညွန့်ပေါင်းအဖွဲ့တွင် နေတိုးအဖွဲ့က တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ရန် ပြင်သစ်နှင့်ဂျာမနီနိုင်ငံက ထောက်ခံကြမည်ဖြစ်ကြောင်း သံတမန်များက ပြောကြားကြသည်။

ဆီးရီးယားပဋိပက္ခတွင် ရုရှားနိုင်ငံနှင့်ထိပ်တိုက်တွေ့နေသော နေတိုးအဖွဲ့သည် အနောက်အုပ်စုနိုင်ငံများ၏ ရပ်တည်ချက်ဘက်မှ ထောက်ခံအားပေးနေသည်ဟု အာရပ်နိုင်ငံများက ရှုမြင်ကြကြောင်း၊ ယခုကဲ့သို့သော အခြေအနေမျိုးတွင် ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့က အိုင်အက်စ်တိုက်ဖျက်ရေး လုပ်ငန်းတွင် နေတိုး၏အခန်းကဏ္ဍရှိရန် အမေရိကန်အစိုးရ၏ အစီအစဉ်ကို ထောက်ခံကြခြင်းဖြစ်ကြောင်း သံတမန်များက ပြောကြားကြသည်။

ဥရောပ၌ ခရီးလှည့်လည်နေသော အမေရိကန်သမ္မတ ထရန့်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တာ့စ်၊ ဥရောပကော်မရှင် ဥက္ကဋ္ဌ ဂျင်းကလော့ဒ်ယွန်ကာတို့အပါအဝင် ဥရောပသမဂ္ဂကိုယ်စားလှယ်များနှင့် မေ ၂၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဥရောပသမဂ္ဂဌာနချုပ်နှင့် နေတိုးအဖွဲ့၏ ဌာနချုပ်တို့တည်ရှိရာ ဘရပ်ဆယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့သူ ထရန့်က အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း အတွက် မဟာမိတ်နိုင်ငံများ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် နေတိုးအဖွဲ့ကို တိုက်တွန်းခဲ့သည်။

**ရိုက်တာ။**



# နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးသော်လည်း အိမ်ရာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန်စီစဉ်ထားရှိ

နေပြည်တော် မေ ၂၅

**နိုင်ငံ၏အလုပ်လက်မဲ့ ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရက စနစ်တကျစီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း** အဆိုကိုလက်ခံဆွေးနွေးရန် သဘောတူကြောင်း လွှတ်တော်က ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အသက်(၁၅)နှစ်မှ အသက်(၆၄)နှစ်အထိ ၃၂ ဒသမ ၉၈ သန်းကျော်ရှိပါကြောင်း၊ အလုပ်လုပ်နေသည့် လူဦးရေမှာ ၂၂ ဒသမ ၈၇ သန်းကျော်ရှိသည့်အတွက် အလုပ်လုပ်နိုင်သူ ဦးရေပေါင်း၏ ၆၆ ရာခိုင်နှုန်းသာ အလုပ်လုပ်သည်ကိုတွေ့ရပြီး ၃၄ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ဖြစ်နေသည့် သဘောဟုယူဆနိုင်ပါကြောင်း၊ လုပ်ခလစာအပေါ် မှီခိုအားထားသူထက် ကိုယ်ပိုင်ဝင်ငွေရှာဖွေရပ်တည်နေသူဦးရေက ရာခိုင်နှုန်းပိုများသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ကိုယ့်အားကိုယ်ကိုးပြီး ဘဝရပ်တည်မှုကို ဖန်တီးပေးနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို တကယ့်လက်တွေ့လုပ်ကိုင်နိုင်သည့် အခြေအနေမျိုးရောက်အောင် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်မဲ့ပြဿနာများ တဖြည်းဖြည်းကျဆင်းနိုင်မည်ဟု ယူဆပါကြောင်း ထည့်သွင်းတင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်က ကြေညာထားသည်။




အစည်းအဝေးတွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက **နိုင်ငံတော်ဘတ်ဂျက်မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အမှန်တကယ်ကုန်ကျသင့်သည်ထက် ချပေးသည့်ငွေ ပိုမိုနေသည့်အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် B/Q တွက်ချက်မှုပုံစံများ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို မေးမြန်းသည်။

ဒေါ်ချိုချိုက မေးခွန်းမေးမြန်းရာတွင် တည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းပြည်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုများရှိနေပြီး အရည်အသွေးများမှာ ငွေကုန်ကျမှုအတိုင်း ပြည့်မီခိုင်ခံ့ခြင်းမရှိပါကြောင်း၊ အုတ်တွင်းမြို့နယ်အတွင်းရှိ တံတားနှင့် တည်ဆောက်ရေးလုပ်ငန်းအချို့တွင် အာမခံပေးထားသည့်နှစ်မတိုင်မီ ပျက်စီးမှုများရှိနေသဖြင့် ပြန်လည်ပြင်ဆင်ရခြင်းများရှိနေကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လုပ်ငန်းတန်ဖိုးများ တင်ပြတောင်းခံရာတွင် ယခင်နှစ်များထက် လွန်စွာများပြားနေသည်ကို တွေ့ရှိရပါကြောင်း၊ ကွန်ကရစ်လမ်းအကျယ် ၁၂ ပေ၊ ထု ၇ လက်မ၊ ၁ မိုင်စံနှုန်းများသည် ယခင်ဘဏ္ဍာနှစ်များက ကျပ် ၈၈ သန်းခန့်ရှိခဲ့ရာမှ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၁၁ သန်းအထိ တင်ပြတောင်းခံခွင့်ပြုထားခြင်းများရှိနေပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘဏ္ဍာနှစ်အသစ်အတွက် ငွေလုံးငွေရင်းလျာထားချက်များကို ယခင်ဘဏ္ဍာနှစ်၏ ပစ္စည်းတင်ဒါဈေးနှုန်းများ၊ ဒေသပေါက်ဈေးနှုန်းအရ လုပ်အားခများအပေါ်တွင် အခြေခံ၍ ခန့်မှန်းလျာထားရေးဆွဲကြခြင်းဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံတွင် လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လျာထားစဉ်အချိန်ကထက် ပစ္စည်းတင်ဒါဈေးနှုန်းများ မြင့်တက်ခြင်း သို့မဟုတ် လျော့ကျခြင်း၊ လုပ်အားခဈေးနှုန်းများ မြင့်တက်ခြင်း၊ စက်ယန္တရားလိုအပ်ချက်အပေါ် မူတည်၍ ပြင်ပမှစက်နှင့်ယာဉ်များ ငှားရမ်းသုံးစွဲရခြင်း စသည့် ကိစ္စရပ်များမှာ အချိန်ကာလနှင့်အခြေအနေအရ အပြောင်းအလဲများ ဖြစ်ပေါ်တတ်သဖြင့် မူလလျာထားသောလုပ်ငန်းပမာဏနှင့် ကုန်ကျငွေမှာ အနည်းငယ်ကွာဟချက်များ ဖြစ်ပေါ်လာတတ်ပါကြောင်း။

အမှန်တကယ်ကုန်ကျသည့်ငွေထက် ချပေးသည့်ငွေ (ဘတ်ဂျက်)က ပိုမိုမှုမရှိစေရန် ဘတ်ဂျက်မရေးဆွဲမီ အသုံးစရိတ်ဘောင်ကို သတ်မှတ်ပေးခြင်း၊ အဆင့်ဆင့်စိစစ်ခြင်း၊ လွှတ်တော်မှထပ်မံစိစစ်ခြင်း၊ လိုအပ်ပါက ပြုပြင်ပြီး ခန့်မှန်းခြေတွင် ပြင်ဆင်ရေးဆွဲခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်ပိုလျှံငွေပြန်လည်အပ်နှံစေခြင်း စသည့်နည်းလမ်းများဖြင့် တည့်မတ်ထိန်းညှိပေးလျက်ရှိပါကြောင်း၊ ငွေလုံးငွေရင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုမီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ မြေပြင်အခြေအနေအား ကွင်းဆင်းစစ်ဆေး၍ အသေးစိတ်တိုင်းတာ ပုံထုတ်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ချိန်တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များမှ သတ်မှတ်ဒီဇိုင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ခြင်း ရှိ၊ မရှိများကို B/Q များဖြင့် တိုင်းတာစစ်ဆေးကြပ်မတ်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူအဆင့်ဆင့်က အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာန၏ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များသို့လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်ဆေးရေးအဖွဲ့များသို့လည်းကောင်း အရည်အသွေးစစ်ပုံစံ B/Q များကို ဌာနအစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **အစိုးရဝန်ထမ်းများ၏ လက်ရှိရင်ဆိုင်နေရသော စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားသောအားဖြင့် လစာတိုးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ချင်းပြည်နယ်ရှိ SME လုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများရရှိနိုင်ရေး သက်ဆိုင်ရာဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်

**နေပြည်တော် မေ ၂၅**

ချင်းပြည်နယ်အတွင်းရှိ အလားအလာရှိသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ (SME)အတွက် အတိုးနှုန်းသက်သာသော ချေးငွေများရရှိနိုင်ရေး သက်ဆိုင်ရာ ဘဏ်များနှင့်ချိတ်ဆက်၍ ဆောင်ရွက်နိုင်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ **ချင်းပြည်နယ်တွင် အသေးစား၊ အလတ်စားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများဖြင့် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက SME လုပ်ငန်းများအား အထောက်အပံ့ပေးရန် နိုင်ငံတကာချေးငွေအနေဖြင့် ဂျပန်နိုင်ငံ၊ Japan International Cooperation Agency (JICA)မှ ချေးငွေဂျပန်ယန်း (၅)ဘီလီယံ (မြန်မာငွေကျပ် ၅၀ ဘီလီယံခန့်)ရရှိခဲ့ပြီး ယင်းအနက်မှ မြန်မာငွေကျပ် (၄၁ ဒသမ ၅၅၈)ဘီလီယံကို ပြည်နယ်/တိုင်းဒေသကြီး(၁၀)ခုရှိ လုပ်ငန်းရှင်(၁၈၆)ဦးသို့ ၂၀၁၆ ခုနှစ်မှစတင်၍ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း။

ကျန်ရှိသည့် မြန်မာငွေကျပ်(၈ ဒသမ ၄၄၂) ဘီလီယံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထုတ်ချေးသွားရန်စီစဉ်လျက်ရှိသည့်အတွက် ချင်းပြည်နယ်အတွင်း အလားအလာရှိသော စက်မှုလုပ်ငန်းများဖြစ်သည့် ချင်းရိုးရာ ရက်ကန်းရက်လုပ်သူများအဖွဲ့၊ ချင်းစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ ဝဥစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့တို့အနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ဘဏ်၏ Board of Director အဖွဲ့ဖြင့် စိစစ်၍ ချေးငွေထုတ်ချေးခြင်း ဖြစ်ပါကြောင်း။

လက်ရှိအချိန်၌ ချင်းပြည်နယ်ရှိ SME လုပ်ငန်းရှင်များအတွက် အတိုးနည်းနိုင်ငံတကာချေးငွေ သီးသန့်လျာထားသတ်မှတ်မှုမရှိသေးသော်လည်း အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများရယူလိုပါက ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခြင်း၊ နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့တင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ **မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ MPF(ယခင် BPI) မှ ငှက်ဖျားကာကွယ်ကုသရေးအတွက် အာနိသင်ထက်မြက်သည့် အာတီမီးစီးယား (Artemisia)(ဝါ) ဒေါနရွှေဝါဆေးပင်များ စိုက်ပျိုး၍ ကုန်ချောဆေးဝါးအဖြစ် စီစဉ်ထုတ်လုပ်သွားရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုက ခေတ်အဆက်ဆက်တွင် BPI ဟု အစပြုခဲ့ပါကြောင်း၊ BPI မှတစ်ဆင့် MPF ကို ပြောင်းခဲ့ပါကြောင်း၊ MPF မှ ယခုအစိုးရသစ်လက်ထက်တွင် BPI အနေဖြင့် ဆေးဝါးများကို ဆက်လက်ထုတ်လုပ်လျက်ရှိပါကြောင်း။

အာတီမီးစီးယားတစ်တန်မှ Piperamisinin ငှက်ဖျားဆေး၊ ဆေးပြား(၆၃၀၀)၊ ဆေးပြား (၉)ပြားပါကတ်(၇၀၀)ထွက်ရှိပါကြောင်း၊ အာတီမီးစီးယားတစ်တန်ကုန်ကျစရိတ်မှာငွေကျပ် (၂၈၉၂၄၀၀) ဖြစ်၍ ဆေးတစ်ကတ်၏ ကုန်ကျစရိတ်မှာ (၄၁၃၂) ကျပ်ဖြစ်ပါကြောင်း၊ တစ်ကတ်လျှင် (၄၄၃၂)ကျပ်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပါကြောင်း၊ ပြင်ပဈေးကွက်၌ တရုတ်နိုင်ငံမှ တင်သွင်းသည့် Artemisia ပါဝင်သည့် ငှက်ဖျားဆေးတစ်ကတ်မှာ အများဆုံး(၁၅၀၀)ကျပ်သာ ရှိပါကြောင်း၊ ထို့ကြောင့် ဌာနမှရောင်းဈေးကို ၁၅၀၀ ကျပ်အထိ လျှော့ချ၍ ကျန်းမာရေးဝန်ကြီးဌာနသို့ အရှုံးခံရောင်းချခဲ့ပါကြောင်း။

ထိုသို့ အရှုံးခံရောင်းချနေရသည့် အခြေအနေတွင် ပြည်ပအလှူရှင်အဖွဲ့အစည်းဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Global Fund 3 Disease Project မှ ငှက်ဖျားဆေးများအား အခမဲ့ထောက်ပံ့နေခြင်း၊ အလှူရှင်အဖွဲ့အစည်းများနှင့် AA ဆေးဝါးကုမ္ပဏီတို့ပူးပေါင်း၍ ပဒုမ္မာအမည်ဖြင့် ငှက်ဖျားကုသဆေး ၂၄ လုံးပါ တစ်ကတ်လျှင် ငွေ ၃၀၀ ဖြင့် ဝန်ဆောင်စရိတ်သာယူပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ National Malaria Control Program အစီအစဉ်ဖြင့် ပြည်သူလူထုသို့ လက်ရှိအချိန်အထိ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။



BPI မှ ထုတ်လုပ်သည့် ငှက်ဖျားကုသဆေးတစ်လုံးလျှင် ၁၆၇ ကျပ်ရှိပြီး ပဒုမ္မာ ငှက်ဖျားကုသဆေးတစ်လုံးလျှင် ၁၃ ကျပ်ဖြစ်၍ ဈေးကွက်အတွင်းယှဉ်ပြိုင်ရောင်းချ ဖြန့်ဖြူးနိုင်ခြင်းမရှိသည့်အတွက် BPI မှ Piperamisinin Tablet ထုတ်လုပ်မှုလုပ်ငန်းအား ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်မှစ၍ ရပ်ဆိုင်းထားခဲ့ပါကြောင်း ဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငေ့တင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းနှင့် ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစောစိန်ထွန်းတို့၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေး၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မပြီးသေးသောပန်းချီကားနှင့် အရေးကြီးသောစုတ်ချက်များ

## မိမိုးအေး

နိုင်ငံတော်အစိုးရ၏သက်တမ်း တစ်နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါတယ်။ သက်တမ်းတစ်နှစ်အတွင်း အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သတင်းတွေထုတ်ပြန်ခဲ့ကြတာလည်း တွေ့မြင်ကြားသိခဲ့ရပါတယ်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကျေနပ်အားရတာတွေရှိခဲ့ကြသလို အားမလို အားမရ ဖြစ်ခဲ့ရတာတွေလည်း ရှိခဲ့ကြမှာပါ။ ဒီသတင်းထုတ်ပြန်ချက်တွေထဲမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြတာတွေလည်း ထုတ်ပြန်ခဲ့တာတွေ့ရပါတယ်။

ဒီလို တစ်ဖက်က အပစ်အခတ်ရပ်စဲဖို့၊ ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာပဲ တစ်ဖက်မှာ တိုက်ပွဲတွေဆက်ပြီး ဖြစ်နေကြတာကိုလည်း စိတ်မကောင်းစရာ တွေ့မြင်ကြားသိနေရပါတယ်။ တခြားနိုင်ငံတစ်ခုနဲ့ စစ်ဖြစ်နေကြတာမဟုတ်ဘဲ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြတဲ့ တိုင်းရင်းသားတွေအချင်းချင်း စစ်ဖြစ်နေတာက ပိုပြီးစိတ်မကောင်းဖြစ်စရာပါ။

မငြိမ်းချမ်းခဲ့တဲ့အချိန်တွေမှာ ပေးဆပ်လိုက်ရတဲ့အသက်တွေ မနည်းတော့ပါဘူး။ စစ်ပွဲတွေရဲ့နောက်ဆက်တွဲ အနိဋ္ဌာရုံတွေကလည်း စိတ်မချမ်းမြေ့စရာ ကောင်းလှပါတယ်။

ပြည်တွင်းစစ်တွေရပ်ဖို့၊ ထာဝရငြိမ်းချမ်းရေးရဖို့ အရင်အစိုးရလက်ထက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်မရေးထိုးနိုင်ခဲ့တဲ့အချို့အဖွဲ့တွေကလွဲပြီး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်ကို လက်ရှိအစိုးရက ဆက်ပြီး အကောင်အထည်ဖော် ကြိုးပမ်းခဲ့လို့လည်း ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနိုင်ခဲ့ကြပါတယ်။

အခုလည်း မေ ၂၄ ရက်ကနေ ၂၈ ရက်အထိ ဒုတိယအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို နေပြည်တော်မှာ ငါးရက်ကြာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒုတိယအကြိမ် ညီလာခံမတိုင်မီ အစုအဖွဲ့အသီးသီးက ကြိုတင်ဆွေးနွေးမှုတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြတာကိုလည်း သတင်းထုတ်ပြန်ချက်တွေအရ သိရှိရပါတယ်။ အခုကျင်းပနေတဲ့ ဒုတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ နိုင်ငံရေးပါတီအစုအဖွဲ့တွေ၊ အလွှာအသီးသီးက အဖွဲ့တွေ တက်ရောက်ကြပါတယ်။ NCAမှာ လက်မှတ်ထိုးထားတဲ့ အဖွဲ့ရှစ်ဖွဲ့ တက်ရောက်မှာဖြစ်ပြီး မိုင်းလားအထူးဒေသ (၄) အဖွဲ့ကတော့ လက်မှတ်မရေးထိုးထားဘဲ အထူးဖိတ်ကြားကိုယ်စားလှယ်အဖြစ် တက်ရောက်တဲ့အကြောင်း သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ဒီနေရာမှာ ကျွန်မပြောချင်တာက အဖွဲ့အစည်းအသီးသီး၊ နယ်ပယ်အသီးသီး၊ အလွှာအသီးသီးကို ကိုယ်စားပြုကြတဲ့ ခေါင်းဆောင်တွေပါ။ ဒီခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍဟာ ထာဝရငြိမ်းချမ်းရေးရဖို့ အင်မတန်အရေးကြီးပါတယ်။ “နာယက”ဆိုတဲ့ ပါဠိဝေါဟာရရဲ့အဓိပ္ပာယ်က အကြီးအကဲ၊ အကြီးအမှူး၊ ခေါင်းဆောင်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဗုဒ္ဓကိုရည်ညွှန်းတဲ့ ဝေါဟာရတစ်ခုလည်း ဖြစ်ပါတယ်။ ဆိုလိုတာက နာယကဆိုတာ သာမန်လူမဟုတ်ဘူး၊ တကယ်ကို စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။

ဒီနာယကလို့ခေါ်တဲ့ ခေါင်းဆောင်တစ်ယောက်မှာရှိရမယ့် အရည်အချင်းတွေကို လောကနီတိကျမ်းမှာ ဖော်ပြထားပါတယ်။ လောကနီတိကျမ်းကတော့ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း တိုင်းရေးပြည်ရေးတွေ၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတို့ ကြီးပွားကြောင်းတွေ၊ အလုပ်အကိုင်အကြံအစည်တွေ လုပ်ကိုင်ဆောင်ရွက်ကြရာမှာ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ဖို့ လမ်းညွှန်ပြသထားတဲ့ ကျမ်းတစ်စောင်ဖြစ်ပါတယ်။ ပင်းယခေတ်မှာ စတုရင်္ဂဗလအမတ်ကြီးက ပါဠိဘာသာနဲ့ ရေးသားခဲ့တာဖြစ်ပါတယ်။ စတုရင်္ဂဗလအမတ်ကြီးဟာ လောကဓမ္မရာဇဝေဒဆိုတဲ့ အရာတွေမှာ ကျွမ်းကျင်တတ်မြောက်တဲ့သူ ဖြစ်ပါတယ်။

လောကနီတိကျမ်းရဲ့ ရာဇကဏ္ဍမှာ နာယကလို့ခေါ်တဲ့ အကြီးအကဲ ခေါင်းဆောင်တို့ ထားရှိအပ်တဲ့ အရည်အချင်းတွေကို ဂါထာနံပါတ် (၁၁၉) မှာ ဒီလိုဖော်ပြထားပါတယ်-

**ခမာ ဇာဂရိယု-ဋ္ဌာနံ၊**
**သံဝိဘာဂေါ ဒယိ-က္ခဏာ။**
**နာယကဿ ဂုဏာ ဧတေ၊**
**ဣစ္ဆိတဗ္ဗာ သတံ ဂုဏာ။**

ဒီဂါထာမှာ အကြီးအကဲနာယကတွေမှာရှိရမယ့် ဂုဏ်အရည်အချင်းခြောက်ခုပါပါတယ်။ အဲဒါတွေကတော့-

၁။ ခမာ- ကိုယ်၊ နှုတ် စောင့်စည်းပြီး မာနမထားဘဲ သည်းခံခြင်း၊
၂။ ဇာဂရိယ- နိုးကြားခြင်း၊
၃။ ဥဋ္ဌာန- ဉာဏ်နဲ့ယှဉ်ပြီး ထကြွလုံ့လရှိခြင်း ၊
၄။ သံဝိဘာဂ- ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း၊
၅။ ဒယာ- သနားခြင်း၊
၆။ ဣက္ခဏာ- ဉာဏ်ဖြင့် မြော်မြင်ကြည့်ရှုခြင်း တို့ပဲဖြစ်ပါတယ်။

ယခု ညီလာခံကို တက်ရောက်မယ့် အဖွဲ့အသီးသီးက ခေါင်းဆောင်တွေဟာ နာယကတွေပဲ ဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ဘယ်လိုအခြေအနေမျိုးနဲ့ကြုံကြုံ အဲဒီအခြေအနေကို သည်းခံနိုင်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ခန္တီနဲ့ခမာဟာ အဓိပ္ပာယ် နည်းနည်းကွဲပြားပါတယ်။ ခန္တီကတော့ ဘုရားလောင်းတို့ပါရမီဖြည့်တဲ့ သည်းခံခြင်းသဘောဖြစ်ပြီး ခမာကတော့ ပြောဆိုဝေဖန် နှောင့်ယှက်တာလောက်ကို သဘောထားကြီးကြီးနဲ့ သည်းခံတာပါ။ အခုညီလာခံမှာ ဆွေးနွေးကြတဲ့အခါမှာလည်း အခြေအနေအမျိုးမျိုးနဲ့ ဆုံရမှာပါ။ ဒါကိုသည်းခံပြီး သဘောထားကြီးကြီးနဲ့ အများအတွက်ဆိုတဲ့စိတ်နဲ့ ဦးဆောင်နိုင်ဖို့ လိုပါတယ်။ စိတ်အခန့်မသင့်လို့ သည်းမခံဘဲ မိမိဆောင်ရွက်နေတဲ့ကိစ္စကိုထားခဲ့လို့ မရပါဘူး။ ကိုယ့်ရဲ့ဆောင်ရွက်မှုအားလုံးဟာ ကိုယ်သည်းမခံတဲ့အတွက် သဲထဲရေသွန်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှာ ဖြစ်ပါတယ်။

အရာရာမှာ နိုးကြားမှုရှိတာကလည်း ခေါင်းဆောင်ကောင်းတွေရဲ့ အရည်အချင်းပါပဲ။ အခြေအနေအရပ်ရပ်ကို နားလည်သိမြင်နိုင်ရမှာ ဖြစ်ပါတယ်။ ဘယ်ကိစ္စကိုမဆို ကိုယ်ကကြိုတင်ပြီး လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်တယ်။ ဆွေးနွေးပွဲကာလအတွင်း လေ့လာစောင့်ကြည့်ရင်း နိုးနိုးကြားကြားရှိရပါမယ်။ အိပ်ငိုက်နေတာ၊ အိပ်ပျော်နေတာမျိုး မဖြစ်ရပါဘူး။

ခေါင်းဆောင်ကောင်းရဲ့ နောက်အရည်အချင်းတစ်ခုကတော့ လုံ့လဝီရိယရှိတာပါပဲ။ ကိုယ်ဆောင်ရွက်လုပ်ကိုင်ရမယ့် ကိစ္စတွေကို မိမိတပည့်သားများထက် ပိုပြီး လုံ့လထုတ်ဆောင်ရွက်မှလည်း တပည့်သားတွေက အားကြိုးမာန်တက် လိုက်ပါဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ညီလာခံကြီးထဲမှာ ခေါင်းဆောင်တွေဟာ အားသွန်ခွန်စိုက်နဲ့ ညီလာခံကြီး အောင်အောင်မြင်မြင်ပြီးဖို့ လုံ့လစိုက်ထုတ်ရမှာဖြစ်ပါတယ်။

အရာရာမှာ ဝေဖန်ခွဲခြမ်းတတ်ခြင်းဟာလည်း ခေါင်းဆောင်ရဲ့ အရည်အချင်းတစ်ခုပါပဲ။ ကိုယ်ရထားတဲ့ပစ္စည်းတွေကို ကိုယ့်ရဲ့ တပည့်သားတွေကို ထိုက်တန်သလောက် ပေးကမ်းချီးမြှောက်ပေးရမှာပါ။ ဒီနေရာမှာ ပစ္စည်းကိုသာမကဘဲ ရလာတဲ့အခွင့်အရေး၊ အခွင့်အလမ်း၊ လုပ်ပိုင်ခွင့်တွေကိုလည်း ခွဲဝေပေးရမှာဖြစ်ပါတယ်။ အခုဆွေးနွေးကြတဲ့အခါမှာလည်း တခြားသူတွေကိုလည်း နေရာပေးရပါမယ်။ လေးစားရပါမယ်။ ပြဿနာတစ်ခုကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို ဝေဖန်ပိုင်းခြား နိုင်ရပါမယ်။ ရရှိလာတဲ့ ငြိမ်းချမ်းရေးအသီးအပွင့်ကို တိုင်းရင်းသားတိုင်း ညီတူညီမျှ မျှဝေခံစားနိုင်အောင် စွမ်းဆောင်ပေးနိုင်တယ်ဆိုတာ ခေါင်းဆောင်ကောင်းတို့ရဲ့ သံဝိဘာဂအရည်အချင်းပဲဖြစ်ပါတယ်။

ခေါင်းဆောင်ကောင်းတွေဟာ ကိုယ့်ရဲ့ တပည့်သားတွေအပေါ်မှာ သနားကြင်နာမှု၊ စာနာထောက်ထားမှု၊ ကြည့်ရှုစောင်မမှုရှိရမှာ ဖြစ်ပါတယ်။ လက်အောက်ငယ်သားတွေရဲ့အရေးကို ကိုယ့်သားသမီးရဲ့အရေးလိုပဲ သဘောထားရမှာ ဖြစ်ပါတယ်။ ဒါကိုတော့ ဒယာ လို့ဆိုပါတယ်။ ညီလာခံမှာ ဆွေးနွေးနေကြတဲ့ ခေါင်းဆောင်အသီးသီးဟာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားကို အလေးပေးပြီး ဆွေးနွေးအဖြေရှာပေးရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိုရရှိဖို့ တိုင်းရင်းသား ပြည်သူတွေက စိတ်ကူးနဲ့ပဲ မျှော်လင့်ခွင့် ရှိကြပြီး တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ ခေါင်းဆောင်အသီးသီးက အဓိကအကျဆုံးဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့အရေးကို ကိုယ့်အရေးလိုသဘောထားပြီး ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

နောက်ဆုံးဂုဏ်အရည်အချင်းကတော့ ဣက္ခဏာလို့ခေါ်တဲ့ မြော်မြင်ခြင်းပဲဖြစ်ပါတယ်။ အရာရာမှာအကျိုး၊အပြစ်ကို ကြည့်ရှုပြီးမှ ဆောင်ရွက်တာကလည်း ခေါင်းဆောင်ကောင်းရဲ့ အရည်အချင်းပါပဲ။ ပြကတေ့မျက်စိနဲ့ ကြည့်ရှုတာမျိုးမဟုတ်ဘဲ ပညာဉာဏ်မျက်စိနဲ့ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဆွေးနွေးအဖြေရှာကြတဲ့အခါမှာ ကိစ္စရပ်တိုင်းကို အမြော်အမြင်ကြီးကြီးနဲ့ ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးကို ပျက်စီးစေမယ့် ထိလွယ်ရှလွယ်ကိစ္စတွေမှာ ပိုပြီး မြော်မြင်ချင့်ချိန်ဖို့ လိုအပ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ငြင်းခုံနေပြီး သည်းမခံကြဘူးဆိုရင်တော့ စဉ်းစားမြော်မြင်မှုရှိတော့မှာ မဟုတ်ပါဘူး။

စဉ်းစားမြော်မြင်မှုရှိမှသာ အရာရာကို ချောမောအောင်မြင်စေမှာဖြစ်တဲ့အတွက် ခေါင်းဆောင်တွေအတွက် အရေးကြီးတဲ့ ဂုဏ်အရည်အချင်း တစ်ခု ဖြစ်ပါတယ်။

ကျွန်မ အခုပြောပြခဲ့တာတွေက လောကနီတိကျမ်းမှာပါတဲ့ ခေါင်းဆောင်နာယကတွေရဲ့ အရည်အချင်း ဂုဏ်အင်္ဂါတွေဖြစ်ပါတယ်။ နယ်ပယ်အသီးသီးက ခေါင်းဆောင်တွေ နာယကဂုဏ် ခြောက်ပါးနဲ့ပြည့်စုံပြီး မေတ္တာတရားကိုလက်ကိုင်ထားပြီး ဆွေးနွေးနိုင်ကြဖို့ ကျွန်မတို့အားလုံး မျှော်လင့်ပါတယ်။ အကြမ်းဖက်တဲ့နည်းလမ်းမဟုတ်ဘဲ မေတ္တာတရားနဲ့ ဖြေရှင်းကြတာကလည်း ဗုဒ္ဓရဲ့ သဘောထားပါပဲ။ မေတ္တာဟာ သူတစ်ပါးရဲ့ အကျိုးကို လိုလားတာပဲဖြစ်ပြီး ရန်ငြိုးကို ပယ်ဖျက်တတ်တဲ့ သဘောလည်း ရှိပါတယ်။ အတိတ်ကာလက အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး မေတ္တာနဲ့သာ ဖြေရှင်းမှ အရာရာအောင်မြင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့တိုင်းပြည်မှာ ငြိမ်းချမ်းရေးရမှသာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့လုပ်ငန်းတွေကို တိုင်းရင်းသား ပြည်သူတွေအတွက် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ တကယ် ငြိမ်းချမ်းရင် တကယ်ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာကို ကျွန်မလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ကရင်ပြည်နယ်နဲ့ သာဓကပြချင်ပါတယ်။ ကျွန်မ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ ဘားအံတက္ကသိုလ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီအချိန်က သံလွင်တံတား (ဘားအံ)ကို ညဘက် ၉ နာရီနောက်ပိုင်းကနေ မနက် ၂နာရီအထိ လုံခြုံရေးအရ ပိတ်ထားပါတယ်။ ရန်ကုန်ကနေ ညကားနဲ့ ပြန်လာရင် တံတားမဖွင့်သေးလို့ တံတားထိပ်မှာ စောင့်ရပါတယ်။ ကော့ကရိတ်သွားရင်လည်း ဂျိုင်းတံတားလည်း အချိန်နဲ့ပဲ ဖွင့်ပါတယ်။ ဒေါနတောင်ပေါ်လမ်းကနေ မြဝတီမြို့ကို သွားရတာကလည်း အန္တရာယ်တွေကြားကပါ။ နယ်မြေလည်း သိပ်မအေးချမ်းတော့ ဘယ်မှလည်း သိပ်မသွားရဲကြပါဘူး။ အချိန်တွေကုန်ကြရတယ်။ ကုန်စည်စီးဆင်းမှုတွေ နောက်ကျတယ်။ အခုတော့ ဒေသတွင်း ငြိမ်းချမ်းနေပြီမို့ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာပြီ။ အရင်က မြဝတီကိုသွားချင်ရင် အဆင်းတစ်ရက်၊ အတက်တစ်ရက်သွားရတယ်။ အလွန်အန္တရာယ်များတဲ့လမ်းကို အသုံးပြုပြီး သွားလာခဲ့ကြရပါတယ်။ ဒေါနတောင်ပေါ်က သဘာဝအလှအပ ရှုခင်းတွေကိုလည်း မခံစားနိုင်ခဲ့ရပါဘူး။ အချိန်တွေကုန်ရတယ်။ အရေးကြီးကိစ္စတွေမှာ ဒုက္ခရောက်ကြရတယ်။

အာရှလမ်းမကြီး ပြီးသွားတဲ့နောက်မှာ လမ်းပန်းဆက်သွယ်ရေး ပိုပြီးလွယ်ကူသွားတယ်။ အရင်က နေ့ပိုင်းတောင် မသွားရဲတဲ့ နေရာတွေကို အခုတော့ အချိန်မရွေး သွားလာနိုင်နေပြီ။ လမ်းပန်းဆက်သွယ်ရေးကောင်းတော့ ကုန်စည်စီးဆင်းမှု မြန်ဆန်လာတယ်။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လာတယ်။ နယ်မြေပါ ငြိမ်းချမ်းတဲ့အတွက် ခရီးသွားတွေ လာရောက်လည်ပတ်မှုတွေ များလာတယ်။ စည်ကားလာတယ်။ အရင်က ယမ်းငွေ့တွေဖုံးပြီး သေနတ်သံတွေနဲ့ ဆူညံခဲ့တဲ့ ဒေါနမြေမှာ မြူနှင်းတွေလွှမ်းပြီး ဖားစည်သံတွေ ဝေနေပါပြီ။ ဒါတွေဟာ ငြိမ်းချမ်းသွားလို့ပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ တခြားပြည်ထောင်စု တိုင်းရင်းသားတွေကလည်း သူတို့ရဲ့ နယ်မြေတွေကို ငြိမ်းချမ်းစေချင်မှာ မလွဲပါဘူး။

ကရင်ပြည်နယ်ထဲမှာရှိတဲ့ တိုင်းရင်းသားတွေသာမက လက်နက်ကိုင်အဖွဲ့အစည်းတွေကပါ ငြိမ်းချမ်းရေးကို မြတ်နိုးကြတာပါ။ ဘာကြောင့်ကျွန်မပြောရလည်းဆိုရင် KNU ဥက္ကဋ္ဌ ဖထီး စောမူတူးစေးဖိုးနဲ့အဖွဲ့ဟာ ၂၀၁၄ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ ကျွန်မတို့ ဘားအံတက္ကသိုလ်ကို အလွတ်သဘော လာရောက်လည်ပတ်ခဲ့ပါတယ်။ ဖထီးက သူဟာ အသက် ၈၀ ရှိပါပြီ။ ကရင်ပြည်နယ်မှာ ကြီးတဲ့ ကရင်လူမျိုးတစ်ယောက်ဖြစ်ပြီး ကရင်ပြည်နယ်ထဲမှာရှိတဲ့ တက္ကသိုလ်ကို အခုလာခွင့်ရသွားပါပြီလို့ ပြောပါတယ်။ ဒါဟာ ငြိမ်းချမ်းလို့သာ လာခွင့်ရှိတာလို့ ဖထီးဆိုလိုတာဖြစ်မှာပါ။ ဖထီးပြောသွားတဲ့စကားထဲမှာ ကျွန်မမှတ်မိတာက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြရာမှာ အရေးအကြီးဆုံးက တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရှိဖို့၊ သစ္စာရှိဖို့ အထူးလိုတယ်လို့ ပြောခဲ့တာကိုပါ။

ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ပန်းချီကားကြီးတစ်ချပ် ပြီးပြည့်စုံဖို့ အခုဒုတိယအကြိမ် ရေးဆွဲနေကြပြီဖြစ်ပါတယ်။ ဒီပန်းချီကားကြီးလှပဖို့၊ ပြည့်စုံဖို့ အဖွဲ့အစည်းအသီးသီးက နာယကလို့ဆိုတဲ့ ခေါင်းဆောင်တွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုတဲ့ စုတ်ချက်ဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ ခေါင်းဆောင်တွေဟာ မတူကွဲပြားမှုတွေနဲ့ အပြန်အလှန် ဆွေးနွေးဖလှယ်ကြရာမှာ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့အပြန်အလှန် ယုံကြည်၊ နားလည်မှုထားရှိကြပြီး နာယကဂုဏ်ခြောက်ပါးနဲ့အညီ ဆွေးနွေးအဖြေရှာနိုင်ကြပါစေ။

နာယကဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ ဒီခေါင်းဆောင်တွေရဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကနေ ရလဒ်ကောင်းတွေ ထွက်လာမှာ ဧကန်ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ပန်းချီကားကြီး လှပဖို့ရာမှာ ရေးဆွဲကြတဲ့ စုတ်ချက်ဟာလည်း မေတ္တာဆိုတဲ့ စုတ်ချက်နဲ့သာ ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ ကျွန်မလည်းပဲ ဒီပန်းချီကားကြီးမှာ သေးငယ်တဲ့ ဆေးစက်တစ်စက်အဖြစ် ပါဝင်ရင်း ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို ဂုဏ်ပြုရင်း ထာဝရငြိမ်းချမ်းရေးကို လူသားတိုင်းခံစားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ။

**ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ပန်းချီကားကြီးတစ်ချပ် ပြီးပြည့်စုံဖို့ အခုဒုတိယအကြိမ် ရေးဆွဲနေကြပြီဖြစ်ပါတယ်။ ဒီပန်းချီကားကြီး လှပဖို့၊ ပြည့်စုံဖို့ အဖွဲ့အစည်းအသီးသီးက နာယကလို့ဆိုတဲ့ ခေါင်းဆောင်တွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုတဲ့ စုတ်ချက်ဟာ အင်မတန်မှ အရေးကြီးလှပါတယ်။**

# ပြည်တွင်းရေးရာ

○ စာမျက်နှာ ၅ မှ

လောလောဆယ်တွင် လစာတိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ ယခုအချိန်တွင် လစာတိုးပေးခြင်းထက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပြီးမှသာ လစာစရိတ်များတိုးပေးရန် စဉ်းစားသင့်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများအတွက် ခေတ်ကာလအခြေအနေနှင့် မကိုက်ညီသည့် စရိတ်များကို တိုးမြှင့်ပေးခြင်း၊ အချိန်ပိုလုပ်ခစနစ်၊ ဆုကြေးချီးမြှင့်သည့် စနစ်များ ပြန်လည်ကျင့်သုံးနိုင်ရန် သုံးသပ်ဆောင်ရွက်ခြင်း၊ အိမ်ရာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးခြင်း စသည်တို့ကိုဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာနှစ်အလိုက်ရောင်းချခဲ့သော SIM Card အရေအတွက်၊ ဖုန်းအရေအတွက်နှင့် တန်ဖိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ရောင်းချနေသော လက်ကိုင်ဖုန်းအရောင်းဆိုင်များအပေါ် အခွန်ကောက်ခံနိုင်ခြင်း ရှိ၊ မရှိ၊ တရားမဝင် ဖမ်းဆီးရမိသော ဖုန်းအရေအတွက်နှင့် တန်ဖိုး၊ တရားမဝင် ဖုန်းများဝင်ရောက်နေခြင်းကို တားဆီးရန်နှင့် မျှတ၍ လူတိုင်းအလွယ်တကူ ပေးဆောင်နိုင်သော အခွန်စနစ်ကျင့်သုံးခြင်း အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူးမြန်မာလီမိတက်တို့မှ ရောင်းချခဲ့သော SIM Card အရေအတွက်မှာ ၈၇၃၇၇၃၆၀ ဖြစ်ပြီး မိုဘိုင်းတယ်လီဖုန်းတင်သွင်းသည့်အရေအတွက်မှာ ၁၆၃၂၁၈၇ လုံးဖြစ်ပါကြောင်း၊ အကောက်ခွန်ရငွေကျပ် ၁၇၀၁ ဒသမ ၅၇၃ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ရငွေ ၁၇၄၇ သန်းဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မိုဘိုင်းဖုန်းရောင်းချခြင်းလုပ်ငန်းတွင် အခွန်ထမ်းဦးရေ ၆၂၆ ဦးရှိပြီး ဝင်ငွေခွန် ၆၇၅ ဒသမ ၆၂၉ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၁၄၈၈ ဒသမ ၂၆၈ သန်း ကောက်ခံရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများမဖြစ်စေရေးအတွက် လုပ်ငန်းဆက်စပ်ဌာနများနှင့်ချိတ်ဆက်၍ သတင်းစာရင်းများ ရရှိရေးသည် အရေးကြီးပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လေဆိပ်နှင့်နယ်စပ်စခန်းများမှ တရားမဝင် ဝင်ရောက်လာသဖြင့် ဖမ်းဆီးရမိသည့် မိုဘိုင်းဖုန်းအရေအတွက်မှာ စုစုပေါင်း ၉၂၈၉ လုံး၊ ခန့်မှန်းတန်ဖိုးကျပ် ၁၂၉၃ ဒသမ ၅၆ သန်းဖြစ်ပါကြောင်း။

လက်ရှိပြည်တွင်းဈေးကွက်တွင် ရောင်းချနေသည့် လက်ကိုင်ဖုန်းများနှင့် နောင် ပြည်ပမှတင်သွင်းလာမည့် လက်ကိုင်ဖုန်းများကို သုံးစွဲသူပြည်သူများ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အခွန်နှုန်းသက်သာစွာဖြင့် တင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လက်ကိုင်တယ်လီဖုန်းဈေးနှုန်း ကြီးမြင့်မှုမရှိစေရေး သုံးသပ်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေရေး ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့၏ မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်တိုးမြှင့်ပေးရေး၊ ငွေလုံးငွေရင်း အသုံးစရိတ်များ အကုန်အစင်သုံးစွဲနိုင်ရေးဆိုင်ရာ မေးခွန်းများကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ အစားထိုးဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**





## ပညာရေးအရည်အသွေးမြှင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ဆွေးနွေးတင်ပြခြင်းအခမ်းအနား ပြည်သူ့လွှတ်တော်၌ ကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်ခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် ပညာသင်ယူမှု အခွင့်အလမ်းတိုးမြှင့်ရေး၊ ပညာရေးအရည်အသွေးမြှင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြား

နေပြည်တော် မေ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်ရေးရာကော်မတီ အဆောင်အမှတ် (၁၃)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ ရှင်းလင်းပြောကြားသည်။**



အဆိုပါရှင်းလင်းပွဲသို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပြည်သူများထံ မှန်ကန်တိကျသည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ငွေဆောင်ကမ်းခြေအနီး ခေတ်မီအိမ်ရာစီမံကိန်းဖော်ဆောင်လျက်ရှိ

**ပုသိမ် မေ ၂၅**

နှစ်စဉ် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လာရောက်အပန်းဖြေမှုများပြားသည့် ရန်ကုန်မြို့မှ မိုင် ၁၅၀ ကျော်အကွာရှိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေအနီးတွင် နိုင်ငံတကာအဆင့်မီ အိမ်ရာမြေစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း Developer iGREEN မှ သိရသည်။



စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် လိုအပ်သောအခွန်အခများကို ပိုမိုရရှိစေခြင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စီမံကိန်းမှ ဒါရိုက်တာ ဦးကျော်ကျော်နိုင်က ပြောသည်။

အဆိုပါ စီမံကိန်းသည် ငွေဆောင်မြို့ ဘူးကွဲကြီးကျေးရွာအနီး ပင်လယ်ကမ်းခြေနှင့် ပေ ၃၀၀၀ ကျော်အကွာတွင်ရှိပြီး ပေ ၁၀၀ မြင့်သော တောင်ကုန်းပေါ်တွင် ခေတ်မီအဆောက်အအုံများဖြင့် နိုင်ငံတကာ ကမ်းခြေများနည်းတူ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ပင်လယ်ပြင်၏ သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

iGREEN ၏ ပထမခြေလှမ်းအဖြစ် ၂၀၁၆ ခုနှစ်တွင် ငွေဆောင်မြို့နယ် သဇင်ကျေးရွာအုပ်စု ငွေဆောင်-သဇင်ကျေးရွာသွား ကားလမ်းတွင် Lake View Villa Ngwe Saung Beach စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဖော်ဆောင်သည့် La Villa Ngwe Saung စီမံကိန်းကို ဇန်နဝါရီလတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး La Villa အရောင်းပြခန်းကို မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် Melia Yangon Hotel ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း iGREEN မှ သိရသည်။

ယခု အကောင်အထည်ဖော်ရောင်းချမည့် La Villa စီမံကိန်းတွင် စတုရန်းပေ ၃၇၅၀၊ ပေ ၇၅၀၀၊ ပေ ၁၅၀၀၀၊ ပေ ၄၄၀၀၀ အကျယ်အဝန်းရှိ မြေကွက်ပေါင်း ၂၀၀ ခန့်ပါဝင်ပြီး မြေကွက်သီးသန့်ရောင်းချသည့် စီမံကိန်းမဟုတ်ဘဲ အဆောက်အအုံပါ တွဲလျက်ဆောက်လုပ်ပြီး ရောင်းချမည့် စီမံကိန်းဖြစ်ကြောင်း အဆိုပါစီမံကိန်းလုပ်ငန်းမှ သိရသည်။

ဟိုတယ် ၂၈ လုံးခန့်နှင့် ခရီးသွားဧည့်သည်တည်းခိုနိုင်သည့် အခန်းအရေအတွက် ၁၃၃၂ခန်းရှိသည့် ငွေဆောင်ကမ်းခြေအနီးပတ်ဝန်းကျင်တွင်သာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ်းခြေဟိုတယ်များနှင့်ဝေးသော ကားလမ်းမတစ်ဖက်အကြားနေရာများတွင် ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသည့်အတွက် တစ်ဆက်တည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရခြင်းဖြစ်ကြောင်း iGREEN မှ ဒါရိုက်တာ ဦးကျော်ကျော်နိုင်က ပြောပြသည်။

**(သီသီမင်း)**



လုံခြုံရေးကဏ္ဍဆွေးနွေးပွဲ မွန်းလွဲပိုင်းအစီအစဉ် ကျင်းပစဉ်။

✪ ရှေ့ဖုံးမှ

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးကျော်တင့်ဆွေနှင့် မွန်းလွဲပိုင်းတွင် ပဒိုစောကွယ်ထူးဝင်းတို့ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးသံခဲ၊ ဒေါ်ချိုချိုကျော်မြင့်နှင့် နိုင်ချစ်ဦးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးကျော်တင့်ဆွေနှင့် ပဒိုစောကွယ်ထူးဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး နိုင်ငံရေးကဏ္ဍမူဝါဒ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။



မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲ မွန်းလွဲပိုင်းအစီအစဉ် ကျင်းပစဉ်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် အချုပ်အခြာအာဏာ အဆိုပြုလွှာ၊ အချုပ်အခြာအာဏာကျင့်သုံးမှု အဆိုပြုလွှာ၊ တန်းတူရေး အဆိုပြုလွှာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဆိုပြုလွှာ၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု) အဆိုပြုလွှာနှင့် ပါတီစုံဒီမိုကရေစီစနစ် အဆိုပြုလွှာများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းနိုင်နှင့် မွန်းလွဲပိုင်းတွင် ခွန်တင်ရွှေဦးတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စိုင်းယီတိပ့်၊ မိကွန်ချမ်း၊ ဦးလီပေါ်ရဲနှင့် ဗိုလ်မှူးချုပ်သက်အောင်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးထွန်းနိုင်နှင့် ခွန်တင်ရွှေဦးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး စီးပွားရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုများ မဖြစ်ပေါ်စေရေး တားဆီးကာကွယ်ရန်၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအသီးသီးတို့တွင် တန်းတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်တို့ကို ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးလုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်၊ နိုင်ငံတော်၏ ရေတို၊ ရေလတ်၊ ရေရှည် စီးပွားရေး စီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြသည်။

ထို့အတူ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးသိန်းဆွေနှင့် မွန်းလွဲပိုင်းတွင် ဒေါက်တာနော်ကပေါ်ထူးတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပူးဘွေလျန်မန်း၊ ဒေါ်နန်းဝင်းကြည်၊ ဒေါ်ဇင်မာအောင်နှင့် ဦးနေဝင်းတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးသိန်းဆွေနှင့် ဒေါက်တာနော်ကပေါ်ထူးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လူမှုရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး( Durable Solution)ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူမှုဘဝမြင့်တင်မှုကို ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ်ရှုမြင်၍ ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ရန်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့အတူ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းထွန်းဟိန်နှင့် မွန်းလွဲပိုင်းတွင် ပူးလားလ်ရမ်လော်မာတို့ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ်



လူမှုရေးကဏ္ဍဆွေးနွေးပွဲ မွန်းလွဲပိုင်းအစီအစဉ် ကျင်းပစဉ်။

စောဒဲနီယယ်လ်၊ ဦးဇော်မင်းလတ်၊ စိုင်းယီနှင့်ဗိုလ်မှူးချုပ်မြင့်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးထွန်းထွန်းဟိန်နှင့် ပူးလားလ်ရမ်လော်မာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲတွင် နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြုမြေယာမူဝါဒဖြစ်စေရန်၊ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်၊ ဗဟိုထိန်းချုပ်မှုလျှော့ချသည့်မူဝါဒများ ဖြစ်စေရန်၊ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်၊ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများဖြစ်စေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အခြေခံမူများကို ဆွေးနွေးကြသည်။

အခြေခံမူ (၆)ရပ်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အပါအဝင် ဆွေးနွေးမှုအဆင့်ဆင့်တွင် အကျေအလည်ထပ်မံ ညှိနှိုင်းရရှိထားသည့် ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍လည်း ဆွေးနွေးကြသည်။

အလားတူ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် မွန်းလွဲပိုင်းတွင် ဖြူးတန်ခွန်ဥက္ကာတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စဝ်ဘောင်ခေး၊ ပူးဇင်ခန့်ဆွန်၊ ဦးအင်ထုံခါးနော်ဆမ်နှင့် ဦးစောထွန်းအောင်မြင့်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် ဖြူးတန်ခွန်ဥက္ကာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လုံခြုံရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မေ ၂၆ ရက်တွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲများနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ မွန်းလွဲပိုင်းအစီအစဉ် ကျင်းပစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျာမနီနိုင်ငံ လွှတ်တော်ဆိုင်ရာဒုတိယဝန်ကြီးနှင့် လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လွှတ်တော်ဆိုင်ရာဒုတိယဝန်ကြီးနှင့် လွှတ်တော်အမတ် Dr. Ralf Brauksiepe အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး အတွက်သာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် မှန်ကန်စွာရပ်တည်လုပ်ဆောင်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော်ဒုတိယဝန်ကြီးက မြန်မာ့တပ်မတော်ကို တောင့်တင်းခိုင်မာပြီး နိုင်ငံပြုပြင်ပြောင်းလဲမှုများ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ဆောင်နိုင်သည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တွေ့ဆုံဆွေးနွေးပွဲများ အပါအဝင် လက်တွေ့ကျကျလုပ်ဆောင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့အတူ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ehsan Ullah Batth အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲ ၁ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သံအမတ်ကြီး၏ တာဝန်ထမ်းဆောင်မှုကာလအတွင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လုပ်ဆောင်ခဲ့သည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းများ၊ အပြန်အလှန်သတင်းဖလှယ်ရေးနှင့် အားကစားဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှုမြင်မှုအခြေအနေများ၊ ပွင့်လင်းမှု၊ ယုံကြည်မှု၊ ရိုးသားမှုများအပေါ် အခြေခံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းဖြစ်မှုကို ပြသရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လွှတ်တော်ဆိုင်ရာ ဒုတိယဝန်ကြီးနှင့် လွှတ်တော်အမတ် Dr. Ralf Brauksiepe အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကိုယ့်နိုင်ငံနဲ့လိုက်လျောညီထွေဖြစ်တဲ့ ဖက်ဒရယ်ပုံစံကိုသွားရမယ်

အောဝမ်းစိုး
နိုင်လင်းကြည်

နေပြည်တော် မေ ၂၅

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အခြေခံမူများကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း၊ နိုင်ငံရေးပါတီ စသည်တို့မှ ကိုယ်စားလှယ်များက ကဏ္ဍငါးခုဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများကို မိမိတို့သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပါဝင်ဆွေးနွေးလျက်ရှိသည်။**

ထိုသို့ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာတွင် မေ ၂၅ ရက်(အစည်းအဝေးဒုတိယနေ့)ဆွေးနွေးမှုများ၊ အကြံပြုမေးမြန်းချက်များနှင့် ရရှိလာမည့်အကျိုးရလဒ်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူတချို့အား မေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။



ဦးကျော်ဝင်း(စာရေးဆရာ)



ဦးစိုင်းသီဟကျော်



ဦးအောင်နိုင်ဦး



ပဒိုစောကွယ်ထူးဝင်း



ဦးတာနိုင်(လေ့လာသူ)

**ဦးကျော်ဝင်း(စာရေးဆရာ)**

ဒီကနေ့ဆွေးနွေးတဲ့ နိုင်ငံရေးကဏ္ဍမှာဆိုရင် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အမျိုးသားအဆင့် ညီလာခံက ရရှိထားတဲ့အချက်တွေကို ဆွေးနွေးတာဖြစ်ပါတယ်။ ရရှိထားတဲ့အချက်တွေကတော့ ယေဘုယျပြောရရင် မဆိုးပါဘူး။ ဖက်ဒရယ်နဲ့တော်တော်နီးတယ်။ ဒါပေမယ့် အဲဒါတွေကို လက်တွေ့ အကောင်အထည်ဖော်ဖို့ကျတော့ အချိန်တော်တော်ယူရပါလိမ့်မယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သွားမှရပါမယ်။ ဘာလို့လဲဆိုတော့ အမေရိကန်ပုံစံကို တစ်သဝေမတိမ်း ပုံတူကူးချလို့မရသလို အိန္ဒိယပုံစံကိုလည်း ပုံတူကူးချရင် ပြဿနာရှိပါတယ်။ အဲတော့ ကိုယ့်နိုင်ငံနဲ့လိုက်လျောညီထွေဖြစ်တဲ့ ဖက်ဒရယ်ပုံစံကို သွားရမယ်။ သို့သော် ဘယ်လိုဖက်ဒရယ်ဆိုတာကို ပုံဖော်တဲ့အဆင့်မရောက်သေးဘူး။ အခုဟာက အခြေခံမူတွေလောက်ပဲ ချထားတာပါ။ အဲဒီအခြေခံမူတွေပြည့်စုံတော့မှ ဘယ်လိုဖက်ဒရယ်မူဖြစ်မလဲဆိုတာသိရမှာပါ။ အခုထိတော့ ကျွန်တော်တို့ ဆွေးနွေးပွဲတက်နေတဲ့လူတွေတောင် မှန်းလို့မရသေးပါဘူး။ တိုးတက်မှုတော့ အများကြီးရှိလာပါပြီ။ အထူးသဖြင့် အရင်တုန်းကတော့ တပ်မတော်ဘက်က ဒါကိုလုံးဝလက်မခံခဲ့ဘူး။ အခုနောက်ပိုင်း သူတို့ကိုယ်တိုင် လိုလိုလားလားပါဝင်လာပါတယ်။ ဒီညီလာခံက အောင်မြင်မှုရနိုင်မယ်လို့တော့ မျှော်လင့်ပါတယ်။

**ဦးစိုင်းသီဟကျော်**

**(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ဒီနေ့ စဆွေးနွေးတဲ့ စီးပွားရေးဆိုင်ရာကဏ္ဍမှာ အချက်နှစ်ချက်ကို အဓိကထားဆွေးနွေးခဲ့ပါတယ်။ ဖက်ဒရယ်မူဝါဒဆိုင်ရာနဲ့ ဒေသန္တရဆိုင်ရာ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒီနေ့မနက်ပိုင်းမှာတော့ စီးပွားရေးကို ဘယ်လိုမျိုး အကောင်အထည်ဖော်ဆောင်ရွက်မလဲ၊ ဘယ်လိုစနစ်နဲ့သွားမလဲဆိုတာကို ဆွေးနွေးပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ဖို့အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရတွေမှာ လိုအပ်တဲ့၊ ခိုင်မာတဲ့မူဝါဒတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ရေးဆွဲပြဋ္ဌာန်းဖို့ဖြစ်ပါတယ်။ အဲဒီမှာဆွေးနွေးတာက အချို့အစုအဖွဲ့တွေကျတော့ ဥပဒေပြဋ္ဌာန်းတာဟာ ပြည်ထောင်စုအဆင့်ကနေလုပ်ရမှာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မဆိုင်ဘူးဆိုပြီး ဆွေးနွေးကြတာရှိတယ်။ အခု ကျွန်တော်တို့ ဆွေးနွေးချက်တွေဟာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမှာ အခြေခံရမယ့်မူတွေကိုပဲ ဆွေးနွေးနေတာဖြစ်တယ်။ လက်ရှိအထိတော့ အများစုလက်ခံနိုင်တဲ့အနေအထားက နိုင်ငံတော်ကို ဈေးကွက်စီးပွားရေး စနစ်ခိုင်မာအောင် ဖော်ဆောင်ဖို့ပါပဲ။ အဓိကကတော့ စီးပွားရေးလို့ပြောလိုက်ရင် နိုင်ငံရေးနဲ့ ဆက်နွှယ်နေတဲ့အတွက် စီးပွားရေးလုပ်ပိုင်ခွင့်လို့ ပြောလိုက်ရင် နိုင်ငံရေး အာဏာခွဲဝေခွင့်နဲ့ သက်ဆိုင်နေပါတယ်။ အဲတော့ နိုင်ငံရေးကဏ္ဍတွေမှာ ဘယ်လိုသဘောတူညီပြီး ဘယ်လိုတွေဆုံးဖြတ်ထားတယ်ဆိုတာကို အခြေခံရမယ့်သဘောရှိပါတယ်။ အဲဒီမှာ အခက်အခဲအနည်းငယ်ရှိပါမယ်။ ပြည်ထောင်စုအဆင့်မှာ လုပ်ပိုင်ခွင့် ဘယ်လောက်ရှိမလဲ၊ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ဘယ်လောက်ထိ လုပ်ပိုင်ခွင့်ပေးမလဲဆိုတာ တိကျတဲ့ဆုံးဖြတ်ချက်တွေ မထွက်လာသေးပါဘူး။

**ဦးအောင်နိုင်ဦး**

လူမှုရေးကဏ္ဍမှာ အဓိကဆွေးနွေးစရာကတော့ နေရပ်စွန့်ခွာပြီးသွားရတဲ့ ဒုက္ခသည်တွေကိစ္စဖြစ်ပါတယ်။ ဒုက္ခသည်တွေ နေရပ်ပြန်လာရေး၊ နေရပ်ပြန်လာရင် ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ ပြန်လာမလဲ၊ ဘယ်လိုကူညီဆောင်ရွက်မလဲ၊ ဘေးကင်းလုံခြုံစွာ ပြန်လာဖို့ဆိုတဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီး သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းတဲ့လူတွေ၊ မိသားစုတွေ၊ ကလေးတွေ၊ အမျိုးသမီးတွေ သူတို့လူမှုဘဝလုံခြုံရေး စတာတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာကိုလည်း ဆွေးနွေးမှာဖြစ်ပါတယ်။ လူမှုရေးကဏ္ဍမှာ ဆွေးနွေးစရာတွေကတော့ အများကြီးရှိပါတယ်။ နောက်လာမယ့် ဆွေးနွေးပွဲတွေမှာတော့ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးကိစ္စတွေ ဆွေးနွေးဖို့ရှိပါတယ်။ လူမှုရေးကဏ္ဍမှာလည်း အခြေခံမူတွေကိုပဲ ဆွေးနွေးနေဆဲဖြစ်ပါတယ်။ အခြေခံမူဆိုတဲ့သဘောကတော့ သိပ်ပြီး အကျယ်ပြန့်ကြီး မဟုတ်ပေမယ့်လည်း တစ်ဖက်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ထားပေးရတာရှိတယ်။ အခြေခံမူက အားလုံးရဲ့အချုပ်ဖြစ်တဲ့အတွက် ဝိုင်းဝန်းဆွေးနွေးနေကြတာ ဖြစ်ပါတယ်။ ဒါပြီးမှ လိုအပ်တဲ့မူဝါဒတို့၊ အကောင်အထည်ဖော်တာတို့ တစ်ဆင့်ချင်းစီဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ပဒိုစောကွယ်ထူးဝင်း**

**(KNU ဒုတိယဥက္ကဋ္ဌ)**

ဒီနေ့မှာတော့ UPJDC က ဆုံးဖြတ်ထားတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ့် အခြေခံမူတွေကို အစုအဖွဲ့အလိုက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ စတဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ မေးမြန်းတာ၊ ဆွေးနွေးတာ၊ အကြံအညာဏ်ပေးတာတို့ ပြင်ဆင်ဖို့အတွက် မေးမြန်းဆွေးနွေးတာဖြစ်ပါတယ်။ အတည်ပြုလို့တော့မရသေးပါဘူး။ ဆွေးနွေးချက်အများစုကတော့ အကြောင်းအရာနဲ့ ဝေါဟာရအပေါ်မှာ မေးမြန်းဆွေးနွေးကြတာပါ။ ဆွေးနွေးတဲ့နေရာမှာ မလိုအပ်တဲ့ စကားလုံးတွေထုတ်ဖို့၊ ဖြည့်စွက်တာတို့ရှိပါတယ်။ ဖြည့်စွက်မယ်ဆိုတာကတော့ တချို့အရာတွေက ကျွန်တော်တို့ပြောနေတဲ့ အချုပ်အခြာအာဏာပိုင်ဆိုတာက ဘယ်ကဆင်းသက်ရမလဲဆိုတော့ နိုင်ငံသားတွေကနေသုံးရင် အခုရှိပြီးသား နိုင်ငံသားအက်ဥပဒေနဲ့ ပတ်သက်ပြီး အကုန်လုံးအကျုံးမဝင်ဘူး။ ပဋိပက္ခဖြစ်နေတဲ့နေရာတွေမှာဆို နိုင်ငံတွင်းမှာရှိတယ်ဆိုပေမယ့်လည်း နိုင်ငံသားဖြစ်မှု ဥပဒေအရ မှတ်ပုံတင်မရှိတဲ့အပေါ်မှာ တိုင်းရင်းသား ပြည်သူလူထုများဆိုတဲ့စကားလုံးကိုသုံးတယ်။ နောက်တစ်ခုက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအုပ်ချုပ်ပုံနဲ့အညီ ကျင့်သုံးရမယ်ဆိုတဲ့အပိုင်းလည်း မြင်တာပေါ့။

**ဦးတာနိုင်(လေ့လာသူ)**

ပထမအကြိမ် အစည်းအဝေးတုန်းကတော့ နိုင်ငံရေးမူဝါဒအရ ရေးဆွဲလုပ်ကိုင်နေပေမယ့် ဒုတိယအကြိမ်မှာကျတော့ ပြုံးရွှင်သောမျက်နှာတွေ၊ ကြည်လင်သော မျက်နှာတွေနဲ့ ငြိမ်းချမ်းရေးကို အမှန်တကယ်တိတိကျကျ ရက်ပိုင်းအတွင်း၊ လပိုင်းအတွင်း ရရှိမယ်ဆိုတဲ့ အဖြေလေးကို လူကြီးတွေကလည်း ပြောပါတယ်။ အဖွင့်အမှာစကားမှာလည်း ပြောတဲ့အတွက် တက်ရောက်လာတဲ့ပြင်ပပုဂ္ဂိုလ်တွေအတွက် အားရဝမ်းသာပီတိဖြစ်ရပါတယ်။ ငြိမ်းချမ်းရေးကိုလည်း လိုလားပါတယ်။ ငြိမ်းချမ်းရေးရှိမှ စီးပွားရေး၊ လူမှုရေး အစရှိတာတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်တည်ငြိမ်ငြိမ် ရှိမယ်ဆိုရင် သားတွေမြေးတွေပညာသင်နိုင်မယ်။ အေးအေးဆေးဆေးသွားလာ လုပ်ကိုင်နိုင်မယ်။ တကယ်လို့သာ ယမ်းငွေ့တွေနဲ့ဝေနေတဲ့ စစ်ပွဲကာလမှာဆိုရင်တော့ ဘေးဒုက္ခတွေအများကြီးလည်းရောက်ပါတယ်။ ဒီဒုက္ခကနေဝေးကွာပြီးလူတိုင်းဟာ ငြိမ်းချမ်းချင်ကြပါပြီ။ ငြိမ်းချမ်းရေးဟာလည်း အတိအကျရမယ်ဆိုတာလည်း အဖွဲ့အစည်းပေါင်းစုံ၊ လူတန်းစားပေါင်းစုံ ငြိမ်းချမ်းရေးကိုလိုလားပါတယ်။ ဘာကြောင့် ငြိမ်းချမ်းရေး လိုလားသလဲဆိုရင် ငြိမ်းချမ်းရေးမရှိရင် သစ်ပင်လည်းမရှင်သန်နိုင်ဘူး၊ လူသားတွေလည်းမရှင်သန်နိုင်ပါဘူး။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တင်သွင်းမည့် ကဏ္ဍငါးခုနှင့်ပတ်သက်၍ ဆွေးနွေးမှုစတင်၊ အများစုကိုသဘောတူညီမှုရရှိ

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) နောက်ဆုံးနေ့တွင် တင်သွင်းမည့် ကဏ္ဍငါးခုတွင် ပါဝင်သည့် အခြေခံမူနှင့် အချက်ပေါင်း (၄၁) ချက်ကို (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဒုတိယနေ့တွင် စတင်ဆွေးနွေးခဲ့ပြီး အများစုကိုသဘောတူညီမှုရရှိသည်ဟု ဒုတိယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍ ကဏ္ဍငါးခုကို အစိုးရနှင့်လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများ ဆွေးနွေးခဲ့ပြီး ကဏ္ဍအသီးသီးတွင်ပါဝင်သည့် အခြေခံမူနှင့် အချက်အများစုကို သဘောတူညီနိုင်ခဲ့ကြောင်း ကဏ္ဍအသီးသီးတွင် တာဝန်ယူထားသည့် UPDJC အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြောကြားသည်။

နိုင်ငံရေးကဏ္ဍတွင် ပါဝင်သည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "နိုင်ငံရေးကဏ္ဍမှာ ခေါင်းစဉ်ခွဲအနေနဲ့ အချုပ်အခြာအာဏာ ကိစ္စဖြစ်တယ်။ ဒုတိယက အချုပ်အခြာအာဏာကျင့်သုံးမှု ဖြစ်တယ်။ တတိယက တန်းတူရေးဖြစ်တယ်။ စတုတ္ထက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တယ်။ ပဉ္စမက ဖက်ဒရယ်ပြည်ထောင်စုမူနဲ့ ပတ်သက်တဲ့ကိစ္စဖြစ်တယ်။ နံပါတ် (၆)ကတော့ ပါတီစုံဒီမိုကရေစီကိစ္စဖြစ်တယ်။ ဒီနေ့ ဆွေးနွေးချက်အားလုံးကိုကြည့်မယ်ဆိုရင် ပုံစံလေးခုထွက်လာတယ်။ ဆွေးနွေးတဲ့ ဆွေးနွေးချက်အားလုံး အပြုသဘောဆောင်တယ်။ အားလုံးက ပြည်ထောင်စုသဘောတူ စာချုပ်အထိ လက်မှတ်ရေးထိုးဖို့ ကြိုးစားကြရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားမှုနဲ့ ဆွေးနွေးကြတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရတယ်။ ဒါကြောင့် နိုင်ငံရေးကဏ္ဍဟာ အပေါင်းလက္ခဏာဆောင်တယ်လို့ တင်ပြချင်ပါတယ်"ဟု ပြောသည်။



စီးပွားရေးကဏ္ဍတွင်ပါဝင်သည့် မင်းဇေယျာဦးက "ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ စီးပွားရေးမူဝါဒတွေ ဆွေးနွေးပါတယ်။စုစုပေါင်း (၈) ချက်ရှိပါတယ်။ ကျွန်တော် အခု ထွက်လာတဲ့အထိ စီးပွားရေးကဏ္ဍ ဆွေးနွေးနေဆဲပါ။ ဆွေးနွေးချက် (၅)ခု ဆွေးနွေးပြီးပါပြီ။ (၅)ခုလုံးမှာ (၁) ကနေ (၅) အထိ မူအရ သဘောညီချက်ရပါတယ်။ ဆွေးနွေးမှုတွေ ကောင်းမွန်ပါတယ်။ စကားလုံးပြင်ဆင်တာ လောက်ပဲ နည်းနည်းလေး ဆွေးနွေးကြတာများပါတယ်"ဟု ပြောကြားသည်။

လူမှုရေးကဏ္ဍအတွက် ဦးဇော်ဌေးက "လူမှုရေးကဏ္ဍမှာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနဲ့ပတ်သက်တဲ့ အခြေခံမူ လေးချက်ရှိပါတယ်။ အခြေခံမူဖြစ်တဲ့အတွက် အကောင်အထည်ဖော်ရမယ့် အဆင့်တွေကို ဖယ်ထားရပါတယ်။ အဲဒီအတွက် နိုင်ငံတကာစံနှုန်း ပြည်တွင်းအနေအထားနဲ့ ချိန်ကိုက်ပြီး လုပ်ထားပါတယ်။ ဒီနေ့ လူမှုရေးကဏ္ဍမှာ လေးချက်လုံး ပါဝင်ဆွေးနွေးနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ပါဝင်သူ ဦးမြင့်စိုးက "မြေယာကဏ္ဍမှာ အခြေခံမူ (၆)ချက်ဖြစ်ပါတယ်။ အခြေခံမူနဲ့ပတ်သက်ပြီး အချို့စကားလုံး အသုံးအနှုန်း အကြံပြုတင်ပြတာ ရှိပါတယ်။ တစ်ခုချင်းအပေါ် လက်မခံနိုင်တာ သိပ်မတွေ့ရပါဘူး။ အချို့စကားလုံးတွေ ပြင်ဆင်ချင်တာ တွေ့ရပါတယ်။ ဒါကို မှတ်တမ်းအနေနဲ့ ထားရှိပါတယ်။ မနက်ဖြန်မှာတော့ အကြံပြုချက်တွေနဲ့ ပြန်လည်သုံးသပ်ပြီး ရရှိတဲ့အချက်အလက်တွေ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု ဖြေကြားသည်။

လုံခြုံရေးကဏ္ဍတွင် ပါဝင်သူ ရဲဘော်မျိုးဝင်းက "လုံခြုံရေးကဏ္ဍမှာ ချမှတ်ထားတာက နိုင်ငံတော်ကာကွယ်ရေးဆိုတဲ့ လုံခြုံရေးကဏ္ဍပါ။ လုံခြုံရေးကဏ္ဍက တိုင်းပြည်အတွက် အရေးကြီးလို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ စတင်ဆွေးနွေးခြင်းမပြုဘဲ ပြည်ထောင်စုအဆင့်မှာသာ စတင်ဆွေးနွေးဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အခြေခံမူဝါဒ အဖြစ်နဲ့ ညီလာခံကို တင်ပြနိုင်ခြင်း မရှိပါဘူး။ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုအရ အနာဂတ်ပြည်ထောင်စုမှာ တပ်မတော်တစ်ခုတည်း ဖြစ်ရေးဆိုတဲ့ဟာကို မူအားဖြင့် လုပ်ငန်းကော်မတီ အဆင့်မှာ ဆွေးနွေးထားတယ်။ ဒီညီလာခံမှာ လုပ်ငန်းကော်မတီက ရရှိထားတဲ့သဘောထား၊ UPDJC ရဲ့ လမ်းညွှန်မှုနဲ့အညီ ဒီကနေ့မှာ လုံခြုံရေးကဏ္ဍမှာ တပ်မတော်တစ်ခုတည်း ထားရှိရေးဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးဖြစ်ပါတယ်"ဟု ပြောကြားသည်။

အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စည်း ငါးခုမှ ကဏ္ဍငါးခုအပေါ် ယနေ့တွင် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ညီလာခံနောက်ဆုံးနေ့ အတည်ပြုနိုင်မှု မတိုင်မီအထိ ပြင်ဆင်ဖြည့်စွက်မှုများ ရှိနေမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

❑

## ❂ ကျောဖုံးမှ

(CSR) လုပ်ငန်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ရေတွင်းရေကန်နှင့် အများပြည်သူသုံး အဆောက်အအုံများနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းလှူဒါန်းခဲ့ပြီး ကျောက်ဖြူမြို့နယ် မဒဲကျွန်းဒေသ အပါအဝင် ပိုက်လိုင်း ဖြတ်သန်းရာတစ်လျှောက်ရှိ ဒေသခံပြည်သူ ၉၀၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း ယင်းအစီရင်ခံစာမှ သိရသည်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းဟူ၍ ပိုက်လိုင်း နှစ်ခု သွယ်တန်းထားရှိပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ၂၀၁၃ ခုနှစ်တွင် လည်းကောင်း၊ ရေနံပိုက်လိုင်းမှ ယခုနှစ် မေလတွင်လည်းကောင်း လုပ်ငန်းများ စတင်လည်ပတ်လျက်ရှိသည်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှစတင်၍လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒဲကျွန်းမှစတင်၍လည်းကောင်း အပြိုင်သွယ်တန်းတည်ဆောက်ထားသည်။

ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များကိုဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ပို့လွှတ်နေပြီဖြစ်သည်။ ရေနံစိမ်းပိုက်လိုင်းသည် စုစုပေါင်း ၇၇၁ ကီလိုမီတာရှည်လျားပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၇၉၃ ကီလိုမီတာ ရှည်လျားသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် ကနဦးကာလတွင် တစ်နှစ်လျှင် ကုဗမီတာ ၅ဒသမ၂ ဘီလီယံပို့လွှတ်ခဲ့ပြီး သဘာဝဓာတ်ငွေ့ကုဗမီတာ ၁၂ ဘီလီယံအထိ ပို့လွှတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ ရေနံစိမ်းပိုက်လိုင်းစီမံကိန်းသည် တစ်နှစ်လျှင် ရေနံစိမ်း တန်ချိန်ပေါင်း ၂၂ သန်း ပို့လွှတ်နိုင်မည်ဖြစ်ပြီး ရေနံစိမ်း ဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်ထားသည်။

"ပိုက်လိုင်းဖြတ်သန်းရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဒေသခံတွေက တောင်းဆိုလာရင် သွားပြီးလေ့လာတယ်။ စာရင်းပြုစုတဲ့အဖွဲ့တွေနဲ့ ဒေသအာဏာပိုင်တွေနဲ့ဆွေးနွေး ညှိနှိုင်းတယ်။ ဒေသအာဏာပိုင်တွေက လိုအပ်လို့ အကောင်အထည်ဖော်ပေးပါဆိုရင် ရှိတဲ့ဘတ်ဂျက်နဲ့ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ တာဝန်ပိုင်းဆိုရင် ကုမ္ပဏီကဆောင်ရွက်ပေးမယ်။ အဲဒီထက်ကျော်လွန်ရင် အစိုးရကို တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ Mr. Li Zhi Lin က ပြောသည်။

အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP) သည် မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနိုင်ငံ လေးနိုင်ငံရှိ ကုမ္ပဏီ ခြောက်ခုတို့က အကျိုးတူ ရင်းနှီးမြှုပ်နှံထားပြီး စီမံကိန်းကာလမှာ နှစ် ၃၀ ဖြစ်သည်။

**(သတင်းစဉ်)**



**ရန်ကုန်နှင့် ရတနာပုံတို့ ပထမအကျော့က တွေ့ဆုံခဲ့စဉ်။**

## ❍ မြို့တွင်းမှ

အခြားသော YBS ယာဉ်လိုင်းများသို့ ပြောင်းရွှေ့ ပြေးဆွဲရန် ယာဉ်လိုင်းများအား ညွှန်ကြားထားပြီးဖြစ်ပြီး စီးတီးဘတ်စ်ယာဉ်များဖြင့်သာ အဆိုပါယာဉ်လိုင်းများတွင် ဖြည့်စွက်ပြေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားခဲ့သည်။

" Foton ကားတွေက မေ ၂၅ ရက်ကစပြီး မြို့တွင်း ၅၆ ယာဉ်လိုင်းမှာ စတင်ပြေးဆွဲနေပါတယ်။ နောက်ပိုင်းမှာ မြို့ထဲ ပြေးဆွဲနေတဲ့လိုင်းတွေကို Brand New ယာဉ်အသစ်တွေနဲ့ပဲ ပြေးဆွဲသွားဖို့ကိုလည်း လျာထားပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲရန်အတွက် ခရီးသည်တင်ယာဉ်အသစ်များကို တရုတ်နိုင်ငံမှ အစိုးရချင်း ချိတ်ဆက်မှုစနစ်ဖြင့် အစီး ၁၀၀၀ ကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဝယ်ယူထားမှုမှာ ပထမအသုတ် အစီး ၅၀၀ မှာ သင်္ဘောတင်နေပြီဖြစ်ပြီး မကြာမီ ရောက်ရှိလာမည် ဖြစ်သည်။

အဆိုပါယာဉ်များကို ယာဉ်လိုင်း လိုအပ်ချက်အပေါ် မူတည်၍ YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲသွားမည်ဟု သိရသည်။ ယင်းအပြင် ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီများက တင်သွင်းလာသည့် ယာဉ်များသည်လည်း YBS ယာဉ်လိုင်းများတွင် ပြေးဆွဲသွားမည်ဖြစ်ရာ Foton စီးတီးဘတ်စ်များကို မြို့တွင်း ၅၆ ယာဉ်လိုင်းတွင် စတင်ထည့်သွင်းပြေးဆွဲခဲ့ပြီး ယာဉ်စီးခ ပုံသေ ကျပ် ၁၀၀ ဖြစ်ကာ လေအေးပေးစက်ဖွင့်၍ ဝန်ဆောင်မှုပေးသောကြောင့် စီးနင်းသူများ ကြိုက်နှစ်သက်လျက်ရှိကြောင်း သိရသည်။

**သတင်း-(၀၀၁)**
**ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

## ❖ အကြိတ်အနယ်မှ

ရန်ကုန်အသင်းမှာလည်း အနိမ့်ဆုံး သရေကစားနိုင်မှသာ အခြေအနေကောင်းမည်ဖြစ်သည်။ ထိပ်ဆုံးမှ ရန်ကုန်နှင့် တတိယနေရာမှ ရတနာပုံအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုကို ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း အခွင့်ကောင်းယူရမည်ဖြစ်သော်လည်း ခြေစွမ်းရော ရလဒ်ပါ အတက်ဘက် ရောက်နေသည့် Southernအသင်းနှင့် အဝေးကွင်းကစားရမည် ဖြစ်သောကြောင့် ရှုန်းကန်ရဖွယ်ရှိနေသည်။

ဒုတိယအကျော့တွင် ရှုံးပွဲမရှိသေးသည့် Southern နှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲမှာလည်း စိတ်ဝင်စားစရာကောင်းနေသည်။ ဧရာဝတီနှင့် ဟံသာဝတီ၊ ဇွဲကပင်နှင့် မကွေးတို့ပွဲမှာ အကြိတ်အနယ်ရှိနိုင်သလို တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် GFA နှင့် နေပြည်တော်တို့၏ တွေ့ဆုံမှုမှာ နှစ်သင်းစလုံး၏ ရုန်းကန်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ GFA နှင့် နေပြည်တော်ပွဲတွင် အရှုံးအနိုင်ပေါ်ခဲ့ပါက ချင်းယူနိုက်တက်အသင်းမှာလည်း ရခိုင်နှင့်ပွဲတွင် အနိုင်ရအောင်ကြိုးစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၄)အပြီးတွင် ရန်ကုန်က ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်က ၃၂ မှတ်၊ ရတနာပုံက ၃၁ မှတ်၊ ဧရာဝတီက ၂၂ မှတ်၊ ရခိုင်က အမှတ် ၂၀၊ မကွေးက ၁၇ မှတ်၊ Southern က ၁၅ မှတ်၊ ဟံသာဝတီနှင့် ဇွဲကပင်တို့က ၁၄ မှတ်စီ၊ ချင်းယူနိုက်တက်နှင့် GFA တို့က ၁၀ မှတ်စီ၊ နေပြည်တော်က ကိုးမှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၅

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံမှုများပြုလုပ်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းမှစတင်၍ နိုင်ငံတစ်ဝန်း မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများသည် မိဘအုပ်ထိန်းသူများနှင့်အတူ ကျောင်းအပ်နှံလျက်ရှိသည်ကို တွေ့ရသည်။**




**၂၀၁၇-၂၀၁၈ ပညာသင်နှစ် မေ ၂၅ ရက်က ကျောင်းအပ်နှံရေးနေ့အဖြစ် အထက(၆) ဗိုလ်တထောင်မြို့နယ်၌ ကျောင်းအပ်နှံကြစဉ်။** ခင်မောင်ဝင်း(ကြေးမုံ)

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ




## ရန်ကုန်

ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)ရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်း (အလုံ)မှ ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်နှံရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလှဲ့က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ **(သတင်းစဉ်)**

## မန္တလေး

အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်း အသီးသီးတွင်လည်း မေ ၂၅ ရက်မှစ၍ သူငယ်တန်း(KG)မှ အထက်တန်းအဆင့်အထိ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး" ဟူသော ပညာရေးဝန်ကြီးဌာန၏ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေးနှင့် ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အခမဲ့ပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ခ်ဦးရှေ့၌ နံနက်ပိုင်းက ကျောင်းအပ်နှံရေး သီတင်းပတ် အခမ်းအနားကျင်းပခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများကို ပေးအပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းထွန်းဟန်က လက်ခံရယူခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

## နေပြည်တော်

နေပြည်တော် ဇေယျာသီရိ မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများစာရင်း စတင်လက်ခံခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တစ်ပြိုင်တည်း ကျောင်းအပ် လက်ခံနေပြီဖြစ်သည်။

ယခုနှစ် ကျောင်းအပ်နှံရေးရာသီချိန်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ခြောက်အုပ်၊ ကျောင်းဝတ်စုံတစ်စုံ၊ သင်ရိုးပုံနှိပ်စာအုပ်တစ်စုံ အခမဲ့ပေးခြင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် တစ်စုံစီ အခမဲ့ပေးသည့်အပြင် ကျောင်းအပ်နှံရာတွင် ငွေကြေးတစ်စုံတစ်ရာ တောင်းခံမှုမရှိသည့်အတွက် အဆင်ပြေကြောင်း ကျောင်းသားမိဘအချို့ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်လျင်

ယနေ့နံနက်ပိုင်းမှစတင်၍ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းသား ကျောင်းသူများသည် မိဘအုပ်ထိန်းသူများနှင့်အတူ ကျောင်းလာရောက်အပ်နှံလျက်ရှိကြောင်း သိရသည်။

ယခုပညာသင်နှစ်တွင် နိုင်ငံတော်မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ပုံနှိပ်စာအုပ်များအခမဲ့ဖြန့်ဝေပေးလျက်ရှိရာ မိဘအုပ်ထိန်းသူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိသည်။

**သန်းဝင်း(သန်လျင်)**

## ဟိုင်းကြီးကျွန်း

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတ္တဝိ၌ ယနေ့နံနက်ပိုင်းက ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

သူငယ်တန်း(KG)အတွက် ဝတ်စုံတစ်စုံ၊ ပထမတန်းမှ စတုတ္ထတန်းအထိ ဝတ်စုံတစ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ပဥ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ အခမဲ့ခွင့်ပြု ထုတ်ပေးသွားမည်ဖြစ်ပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်မှလွဲ၍ ဝတ်စုံနှင့် ဗလာစာအုပ်များမှာ ရောက်ရှိမှုမရှိသောကြောင့် ယနေ့ ကျောင်းအပ်လက်ခံစဉ် ထုတ်ပေးနိုင်မှုမရှိသေးကြောင်း ကျောင်းသားမိဘများ၏ ပြောပြချက်အရ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို မေ ၂၅ ရက်မှ စတင်နေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများအား မိဘအုပ်ထိန်းသူများက ကျောင်းလာရောက်အပ်နှံလျက်ရှိကြောင်း သိရသည်။

"ရပ်ရွာထဲက ကျောင်းအပ်ဖို့ ရောက်မလာနိုင်တဲ့ ကလေးတွေရှိရင် သွားရောက်မေးမြန်းပြီး ကျောင်းနေနိုင်ဖို့အတွက် ထောက်ပံ့ပေးပါမယ်။ သူတို့မိဘတွေက တကယ်အခက်အခဲရှိလို့ နေ့ကျောင်းကို မတက်နိုင်ဘူးဆိုရင် အဲလိုကလေးတွေကို ကျောင်းပြင်ပ ပညာရေးနဲ့ချိတ်ဆက်ပြီးတော့ ပညာသင်သွားပေးဖို့ရှိပါတယ်။ အခမဲ့ ပညာရေးစနစ်နဲ့အတူ မူလတန်းကလေးတွေအတွက် ကျောင်းဝတ်စုံတွေလည်း ထောက်ပံ့ပေးသွားဖို့ရှိပါတယ်"ဟု မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းထက် (မုဒုံ)**

## စစ်တွေ

စစ်တွေမြို့နယ်၌ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရပ်ကွက်က ဝန်ထမ်းရပ်ကွက်ဆိုတော့ ကျောင်းပြောင်းသွားတဲ့ ကျောင်းသားတွေရှိသလို အသစ် ဝင်ရောက်လာတဲ့ ကျောင်းသားတွေလည်းရှိပါတယ်။ ငါးနှစ်ပြည့်ပြီးတိုင်း KG တန်းတက်မယ့် ကလေးတွေလည်း ဝင်ရောက်လျက်ရှိပါတယ်။ ကျောင်းအပ် လက်ခံတဲ့အခါမှာလည်း အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် လျှောက်လွှာကအစ အကုန်လုံးကို အခမဲ့ဖြန့်ဝေပြီး လက်ခံထားပါတယ်"ဟု အမက (၁၅)ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးခင်က ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

## သုံးခွ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၁၄၅ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း စုစုပေါင်း ၁၅၀ တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံခြင်းကို မေ ၂၅ ရက် နံနက် ၁၀ နာရီမှစ၍ သက်ဆိုင်ရာကျောင်းများ၌ လက်ခံဆောင်ရွက်လျက်ရှိရာ သုံးခွမြို့ အထက(၁)တွင်လည်း ကျောင်းသား ကျောင်းသူများ မိဘအုပ်ထိန်းသူများနှင့်အတူ လာရောက်ကျောင်းအပ်နှံလျက်ရှိသည်ကို တွေ့မြင်ရသည်။

**ကိုကျော်(သုံးခွ)**




**မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက် နံနက်ပိုင်းတွင် ကျောင်းအပ်နှံမှုများ စတင်လက်ခံစဉ်။**
ရဲဝင်းထွန်း(မြစ်သား)

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၅ စီး၊ သွင်းကုန် ၆၁၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၀၃၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၀၃၅ သန်းခန့် သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၄ ရက်တွင် ဘုရားကြီးမြို့အဝင် တိုးဂိတ်အနီး၌ Nissan Caravan ယာဉ်အား ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Satellite Receiver (PSI)၊ စလောင်းထိပ်ဖူး၊ စလောင်းပန်းနှင့် စလောင်းဒေါက် စုစုပေါင်း (1200)U၊ Lady Slipper (1-2U) (1170) Pairs နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၈ သန်းခန့် တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Satellite Receiver (PSI)၊ စလောင်းထိပ်ဖူး၊ စလောင်းပန်းနှင့် စလောင်းဒေါက်များ၊ Lady Slipper များနှင့် သယ်ဆောင်သည့် ယာဉ်။**

# မောင်တောမြို့နယ်၌ ကျပ်သိန်းပေါင်း ၃၄၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက ကညင်ချောင်းကမ်းစပ် ဒီရေတောအနီးတွင် စိတ်ကြွဆေးပြားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၉ နာရီက ကညင်ချောင်းကမ်းစပ် ဒီရေတောအနီးတွင် မသင်္ကာဖွယ်တွေ့ရှိ၍ သွားရောက်စစ်ဆေးရာ နုန်းမြေထဲတွင် ထက်ဝက်ခန့်မြှုပ်ထားသော ဆာလာအိတ်အတွင်းမှ WY/R စိတ်ကြွဆေးပြား ၁၇၀၀၀၀ ခန့်မှန်းကာလ တန်ဖိုးငွေကျပ်သိန်း ၃၄၀၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး တရားခံများအား ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စွန်လွှတ်ကစားရာမှ လူငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံး

**ပြည် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ရွာဘဲရပ်ကွက် ပွင့်လှသိမ်ကုန်း အရှေ့ခြမ်းတွင် စွန်လွှတ်ကစားရာမှ လူငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက် နံနက် ၈ နာရီက ပြည်မြို့ ရွာဘဲရပ်ကွက် ပွင့်လှသိမ်ကုန်းအရှေ့ခြမ်းရှိ ဦးမြင့်ကို၏ နေအိမ်ခြံဝင်းအတွင်းတွင် အကာအရံမရှိဘဲ မြေပြင်နှင့်တစ်ပြေးညီဖြစ်နေသော စိုက်ပျိုးရေးသုံးရေတွင်းထဲတွင် အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း သတင်းအရ ပြည်မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ကိုနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ၎င်း၏ နေအိမ်ခြံဝင်းအတွင်းရှိ စိုက်ပျိုးရေးသုံး ပတ်လည် အချင်းခြောက်ပေ၊ ရေထု သုံးပေ၊ ရေမျက်နှာပြင်မှ တွင်းနှုတ်ခမ်း မြေပြင်အထိ ၂၇ ပေရှိ ရေတွင်းထဲတွင် သက်ဖြိုးအောင် (၁၄) နှစ် သတ္တမတန်း (အောင်) အထက(၄) ပြည်မြို့နေသူမှာ စွန်လွှတ်ရစ်ဘီးနှင့်အတူ ရေတွင်းထဲတွင် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ရဲတပ်ဖွဲ့မှ သိရသည်။

ထို့ပြင် ၎င်းတွင် ဝဲမျက်ခုံးပေါ် ပွန်းပဲ့၊ ကျောပြင် ပွန်းပဲ့ညိုမည်း၊ ယာလက်မောင်းပြင် ညိုမည်းဒဏ်ရာတို့တွေ့ရှိရ၍ သေဆုံးသူ သက်ဖြိုးအောင်မှာ သေဆုံးသည့် ရေတွင်းအနီးဝန်းကျင်တွင် နေ့စဉ် စွန်လွှတ်တတ်သူဖြစ်ပြီး စွန်လွှတ်စဉ် နောက်ဆုတ်ရာမှ ရေတွင်းထဲသို့ ပြုတ်ကျပြီး ရေတွင်းနံရံများနှင့် ရိုက်မိကာ ရရှိသောဒဏ်ရာများကြောင့် သတိမေ့ပြီး ရေနစ်သေဆုံးကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ထို့ကြောင့် ပြည်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၀/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးရန်ပိုင်ဝင်း(ပြည်)**

# ကျောက်ဖြူမြို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်၌ ယနေ့နံနက်ပိုင်းက လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ဈေးလမ်းနှင့် ဖြတ်လမ်း (၃)ထောင့်ရှိ ဦးဇော်မြင့်ကြည်၏ အောင်ဟိန်းလျှပ်စစ်ပြုပြင်ရေးဆိုင်တွင် ယနေ့နံနက် ၂ နာရီခန့်က လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ ဈေးဆိုင်ခန်းနှစ်ခန်း မီးကူးစက်လောင်ကျွမ်းရာ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီး၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ခန်း သုံးခန်းနှင့်ဆိုင်အတွင်းရှိ ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် လျှပ်စစ်မီး ပေါ့လျော့စွာသုံးစွဲသူ ဦးဇော်မြင့်ကြည်အား ဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

**မှတ်တိုင် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မှတ်တိုင်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မှတ်တိုင်မြို့ လျှပ်စစ်မှူး ဦးညီညီ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မေ ၂၃ ရက်တွင် တံမံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၄၉၇)**

# ရေး-ထားဝယ်သွားကားလမ်းပေါ်၌ ယာဉ်တိုက်မိရာ အမျိုးသမီးနှစ်ဦး သေဆုံး

**ရေး မေ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကျေးရွာအပိုင် ရေး-ထားဝယ်ကားလမ်း တနင်္သာရီလမ်းမကြီး မိုင်တိုင်အမှတ် (၁၀၁/၆)နှင့် (၁၀၂/၀) အကြား လမ်းမတွင် မေ ၂၅ ရက် နံနက်က ဟိုက်ဂျက်ယာဉ်နှင့်ဆိုင်ကယ်တို့ တိုက်မိရာမှ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း ရေးမြို့မရဲစခန်းမှ သိရသည်။

ရေးမြို့မှ ကလော့ကျေးရွာသို့ ယာဉ်မောင်းစောမွန် မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်မှာ အမိုးကိုင်းပြုတ်ထွက်ပြီး ကလော့ကျေးရွာမှ ရေးမြို့သို့ ယာဉ်လမ်းကြောအမှန် မောင်းနှင်လာသော Dream 125 ဆိုင်ကယ်မောင်းနှင်သူ မသီမွန်နှင့်နောက်မှ လိုက်ပါစီးနင်းသူ ဒေါ်ကြည်ဝင်းတို့မှာ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျသွားပြီး ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ယာဉ်မောင်းစောမွန်တွင်လည်း ဒဏ်ရာရရှိခဲ့ကြောင်း ရေးမြို့မရဲစခန်းမှ ဒုရဲအုပ်ညွှန့်ဝင်းအောင်က ပြောသည်။

ယာဉ်မောင်းစောမွန်အား ရေးမြို့မရဲစခန်းမှ ယာဉ်(ပ)၁၅/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈/၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပြည်သူများ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများသိရှိစေရန်အတွက် အသိပညာပေးဟောပြောခြင်းကို မေ ၂၂ ရက် နံနက် ၈ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာအုပ်စု ရေပြာကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားကာ ပြည်သူများ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မိုးထွန်းက ရဲစခန်းအပိုင်နယ်မြေအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် နေ့စဉ် လှည့်ကင်း၊ ရပ်ကင်း၊ ပိတ်ဆို့စစ်ဆေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်သဘောပေါက်စေရန် ရှင်းလင်းဟောပြောရာ ဒေသခံ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# မင်းတပ်မြို့၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**မင်းတပ် မေ ၂၅**

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမရှိစေရန်အတွက် ကျန်းမာရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မင်းတပ်မြို့ပေါ် ၄ ရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် မေ ၂၃ ရက်မှ ၃၀ ရက်အထိ အဖွဲ့ပေါင်း ၁၆ ဖွဲ့ဖြင့် မြို့ပေါ်ရပ်ကွက်များရှိ ရေလှောင်ကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

အိမ်တိုင်ရာရောက် ဆေးများခတ်ပေးသည့်အပြင် သွေးလွန်တုပ်ကွေးနှင့်ပတ်သက်သည့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လျှောင်ပြောင်ခံနေရတဲ့ ဥရောပလိဂ်အသီးသီးရဲ့ ရွှေဖိနပ်ဆုရှင်များ

ဥရောပထိပ်တန်းလိဂ်များအဖြစ် သတ်မှတ်ခံထားရတဲ့ လာလီဂါ၊ ပရီမီယာလိဂ်၊ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်ပထမတန်းလိဂ်အသီးသီးတွင် ရွှေဖိနပ်ဆု (ဂိုးသွင်းဘုရင်ဆု) ရရှိသူအားလုံးမှာ သက်ဆိုင်ရာလိဂ်အသီးသီးတွင် ချန်ပီယံဆုများနှင့် တိုက်တိုက်ဆိုင်ဆိုင် လွဲချော်ခဲ့ကြတဲ့အတွက် အဆိုပါ တိုက်စစ်မှူးများရဲ့ သွင်းဂိုးများကို အသုံးမဝင်သောဂိုးများအဖြစ် မီဒီယာများမှ လျှောင်ပြောင်သရော်နေကြသည်။

လာလီဂါတွင် ဂိုးသွင်းဘုရင်ဖြစ်ခဲ့သော မက်ဆီရဲ့ ဘာစီလိုနာအသင်းမှာလည်း လာလီဂါဖလားကို မရရှိဘဲ အဆင့်(၂)နေရာဖြင့် ရာသီသိမ်းခဲ့ရသလို ပရီမီယာလိဂ်ထိပ်တန်းဂိုးသွင်းရှင် ဟယ်ရီကိန်းရဲ့ စပါးအသင်းမှာလည်း အလားတူ အခြေအနေပင်ဖြစ်သည်။ ထို့ပြင် ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီ၊ ရိုးမားတိုက်စစ်မှူး ဇက်ကိုနှင့် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်တို့ရဲ့အသင်းများမှာ သက်ဆိုင်ရာ လိဂ်အသီးသီးတွင် အဆင့်(၂)နှင့်(၃)တို့ဖြင့်သာ ရာသီသိမ်းနိုင်သဖြင့် ယခုကဲ့သို့ လျှောင်ပြောင်ခံနေရခြင်းဖြစ်သည်။



## အေဂျက်စ်ကိုအနိုင်ယူပြီး ယူရိုပါလိဂ်ဖလားကို ပထမဆုံးအကြိမ်အဖြစ် မန်ယူဆွတ်ခူး

## ယူရိုပါလိဂ်တွင် ချန်ပီယံဖြစ်ခြင်းက ပရီမီယာလိဂ်တွင် အဆင့်(၂)နေရာဖြင့် ရာသီသိမ်းနိုင်ခြင်းထက် ပိုကောင်းဟု မော်ရင်ဟိုပြောကြား





မန်ယူနည်းပြ မော်ရင်ဟိုက ယူရိုပါလိဂ်ချန်ပီယံဘွဲ့က ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၂)၊ (၃)၊ (၄)တို့တွင် ရပ်တည်နိုင်ခြင်းထက် ပိုမိုကောင်းမွန်သည်ဟု ယူရိုပါလိဂ်ဗိုလ်လုပွဲအပြီးတွင် ပြောကြားခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် အဆင့်(၆)နေရာဖြင့်သာ ရာသီသိမ်းနိုင်သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် လာမယ့်ရာသီချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

မော်ရင်ဟိုက သူ့အနေဖြင့် ပြိုင်ဘက်အသင်းကို မည်သို့အနိုင်ယူရမည်လဲဆိုသည်ကို အသေအချာသိခဲ့ခြင်းကြောင့် နိုင်ပွဲကို သက်သောင့်သက်သာ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။ မော်ရင်ဟိုမှာ ယခုဗိုလ်လုပွဲတွင် မန်ယူကို အနိုင်ရအောင် ဦးဆောင်ပေးနိုင်ခဲ့သဖြင့် ဥရောပပြိုင်ပွဲများတွင် ဗိုလ်လုပွဲတက်ရောက်တိုင်း( ပေါ်တိုနှင့် ၂၀၀၃ ခုနှစ် ယူအီးအက်ဖ်အေနှင့် ၂၀၀၄ ချန်ပီယံလိဂ်ဗိုလ်လုပွဲ၊ ၂၀၁၀ အင်တာမီလန်နှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ) အောင်ပွဲခံနိုင်တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုပါ ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။

ဘောလုံးရေးရာ ကျွမ်းကျင်သူ နေးလ်အက်ရှ်တန်ကမူ မန်ယူအသင်းမှာ အေဂျက်စ်အသင်းအတွက် ကောင်းလွန်းတဲ့ ပြိုင်ဘက်ဖြစ်နေပြီး အဆိုပါနိုင်ပွဲက မန်ယူအသင်း အင်အားကြီး အသင်းတစ်သင်းဖြစ်လာတော့မည်ဆိုသည်ကို အချက်ပြနိုင်ခဲ့ကြောင်း သုံးသပ်ခဲ့သည်။ အေဂျက်စ်မှာ မန်ယူအသင်းထက် ဘောလုံးပိုင်ဆိုင်မှု သိသိသာသာ အသာရအောင်ကစားနိုင်ခဲ့သော်လည်း လူငယ်ကစားသမားများက ပွဲကိုရှိန်နေခြင်းကြောင့် ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုနှင့် ဂိုးဖန်တီးမှုမရှိခဲ့ခြင်း ဖြစ်သည်။

မန်ယူသည် အေဂျက်စ်အသင်းကို ပွဲအစမှအဆုံး အကောင်းဆုံး တုံ့ပြန်ကစားနိုင်ပြီး ကွင်းလယ်လူ ပေါ့ဘာနှင့် အမ်ခီတာယန်တို့ရဲ့ သွင်းဂိုးနှစ်ဂိုးဖြင့် ချန်ပီယံဖြစ်ခဲ့သည်။ ပွဲကစားချိန် ၁၈ မိနစ်တွင် ဖယ်လိုင်နီ၏ ပေးပို့မှုကို ပေါ့ဘာက ၂၅ ကိုက်စည်းအပြင်ဘက်မှ အားပြင်းသည့်ကန်ချက်ဖြင့် အဆုံးသတ်ကာ မန်ယူအတွက် အဖွင့်ဂိုးကို ရယူသွားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဒုတိယပိုင်းစပြီး သုံးမိနစ်ကြာမှာပင် အမ်ခီတာယန်က နောက်ပြန်ကန်ချက်ဖြင့် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။ မန်ယူသည် ဦးဆောင်ဂိုး နှစ်ဂိုးရပြီးနောက် ပွဲကိုထိန်းပြီးကစားခဲ့ရာ ပွဲမှာ အနည်းငယ်အေးသွားခဲ့သည်။ မော်ရင်ဟိုသည် ပေါ့ဘာနှင့် အမ်ခီတာယန်တို့နှစ်ဦးစလုံးကို ပြီးခဲ့တဲ့ နွေစျေးကွက်အတွင်း ခေါ်ယူခဲ့ခြင်းဖြစ်ရာ မော်ရင်ဟိုရဲ့ ခေါ်ယူမှုများက မန်ယူအတွက် အမှန်တကယ် အထောက်အကူဖြစ်တယ်ဆိုတာကိုပါ သက်သေပြနိုင်ခဲ့သည်။

ပွဲသိမ်းခရာမှုတ်သိမ်းချိန်တွင် မော်ရင်ဟိုက သားဖြစ်သူ ဂျို့စ်ဂျူနီယာနှင့် ပွဲ့ဖက်အောင်ပွဲခံ ကခုန်ပြီး ပရိသတ်များဘက်သို့ လက်ပြနှုတ်ဆက်တဲ့ ပုံရိပ်များမှာလည်း လူမှုကွန်ရက်စာမျက်နှာများထက် နေရာအယူဆုံးဖြစ်ခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးကို အနိုင်ယူပြခဲ့ပြီးချိန်မှစတင်ကာ လူထုတ်ပုံ အကန့်အသတ်ဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲအတွက်သာ တောက်လျှောက်အားစိုက်ပြင်ဆင်ခဲ့သည်။ ထို့ကြောင့်လည်း ဘန်လေနှင့် ခရစ္စတယ်ပဲလေ့စ်တို့ကို အနိုင်ရရှိသည်မှလွဲ၍ ကျန်ပွဲစဉ်များတွင် သရေနှင့် ရှုံးပွဲများ ကြုံခဲ့ရခြင်းဖြစ်သည်။

မန်ယူနောက်ခံလူ စမောလင်းက မော်ရင်ဟိုအနေဖြင့် သူ့အစီအစဉ်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့၍ ယခုအောင်ပွဲအတွက် အလွန်အမင်း ကျေနပ်နေကြောင်း ဖောက်သည်ချခဲ့သည်။ ယူရိုပါလိဂ်အောင်ပွဲရခြင်းနှင့်အတူ ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းကြောင့် တိုက်စစ်မှူး အီဗရာဟီမိုတစ်နှစ်စာချုပ် သက်တမ်းထပ်တိုးရန် သေချာနေပြီဖြစ်သလို မန်ယူက အလိုရှိနေတဲ့ ကစားသမားများလည်း လာရောက်ပူးပေါင်းရန်ရှိနေသည်။ မော်ရင်ဟိုကတော့ လာမယ့်နွေစျေးကွက်အတွင်းခေါ်ယူမယ့် ကစားသမားစာရင်းကို အစကတည်းက အစီအစဉ်ချထားပြီးဖြစ်ကြောင်း ဆိုခဲ့သည်။ အက်သလက်တီကိုကြယ်ပွင့် ဂရစ်ဇ်မန်းက ယူရိုပါလိဂ်ဗိုလ်လုပွဲမတိုင်မီက မန်ယူသို့ ရောက်ရှိ ရန် ၆၀ ရာခိုင်နှုန်းလောက် သေချာနေပြီဟု ဆိုခဲ့သေးရာ ယခုလို အခြေအနေတွင် မန်ယူနှင့် လာရောက်ပူးပေါင်းရန် အဆင်သင့်ဖြစ်နေမည် ဖြစ်သည်။

မန်ယူအသင်းသည် ကမ္ဘာတစ်ဝန်း ပရိသတ်များပြားတဲ့ အသင်းဖြစ်ရာ ယူရိုပါလိဂ်တွင် မန်ယူအသင်း အောင်ပွဲခံခြင်းက အခြားအသင်းများ အောင်ပွဲခံမှုထက် လူမှုကွန်ရက်များတွင်ရော၊ မီဒီယာစာမျက်နှာများထက်ရော ပိုမိုနေရာယူခဲ့သည်။



## ဆန်းချက်ဇ်ကို ဆက်လက်ထိန်းထားနိုင်ရန် တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ အထိ အာဆင်နယ် တိုးမြှင့်ကမ်းလှမ်း

အာဆင်နယ်အသင်းသည် အသင်းရဲ့ အဓိကတိုက်စစ်မှူး ဆန်းချက်ဇ်ကို ဆက်ထိန်းထားနိုင်ရန်အတွက် ပရီမီယာလိဂ် လုပ်ခအများဆုံးနှုန်းထားတစ်ရပ်ဖြစ်တဲ့ တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ အထိ တိုးမြှင့်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်မှုကြောင့် ဆန်းချက်ဇ်မှာ ဥရောပကလပ်အသင်းများရဲ့ အဓိကပစ်မှတ်ဖြစ်သည့်အတွက် အာဆင်နယ်အနေဖြင့် ယခုကဲ့သို့ မြင့်မားတဲ့ လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် အောင်မြင်မှု ဆာလောင်တဲ့ ဆန်းချက်ဇ်က အာဆင်နယ်အသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းပယ်ကာ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် ခြေလှမ်းပြင်ထားပြီးဖြစ်သည်။


သို့သော် ဝင်းဂါးက ဆန်းချက်ဇ်ဘက်က ဘယ်လိုပင်စဉ်းစားထားသည့်ဖြစ်စေ စာချုပ်သက်တမ်း ၁၂ လ ကျန်ရှိနေသေးတဲ့အတွက် အပြီးသတ်ဆုံးဖြတ်ချက်သည် အာဆင်နယ်အသင်း လက်ထဲတွင်သာရှိကြောင်း ဆိုခဲ့သည်။ ထို့ပြင် ဝင်းဂါးက ဆန်းချက်ဇ်ကို ဆက်ထိန်းထားနိုင်ရေး နည်းလမ်းပေါင်းစုံသုံးကာ အကောင်းဆုံး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

မေလဲ့သင်း
ရေးသားသည်

## ရွှန်းနီ၏ပွဲပြီးခါနီး လူစားဝင်ကစားမှုက တွစ်တာစာမျက်နှာမှ လှောင်ပြောင်သရော်မှုများစွာ ရရှိခဲ့

ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ် ပွဲပြီးခါနီး ငါးမိနစ်အလိုတွင် မန်ယူအသင်းခေါင်းဆောင် ဝိန်းရွှန်းနီကို လူစားဝင်ကစားသမားအဖြစ် ထည့်သွင်းခဲ့မှုသည် တွစ်တာစာမျက်နှာထက် မှတ်ချက်အမြောက်အမြားရစေခဲ့ကြောင်း သိရသည်။ မန်ယူနည်းပြ မော်ရင်ဟိုက မာတာနေရာ ရွှန်းနီကို လူစားဝင်ကစားစေခဲ့ရာ ဗလင်စီယာက ရွှန်းနီအား အသင်းခေါင်းဆောင်လက်ပတ်လွှဲပြောင်းပေးခဲ့သည်။

ရွှန်းနီမှာ မန်ယူအသင်းခေါင်းဆောင်အဖြစ် ယူရိုပါလိဂ်ဖလားကိုကိုင်မြှောက်နိုင်သော်လည်း ပရိသတ်အများစုကမူ ရွှန်းနီမှာ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီလို ထပ်တူအနေအထားမျိုးဖြင့် အောင်ပွဲခံနိုင်ခဲ့သူဟု မှတ်ချက်ပြုခဲ့ကြသည်။ တွစ်တာစာမျက်နှာပေါ်မှ မှတ်ချက်အများစုကို ကြည့်ပြီး ကောက်ချက်ဆွဲရလျှင် ယခု ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ မန်ယူအသင်းအတွက် ရွှန်းနီ နောက်ဆုံးကစားခဲ့သည့် ပွဲဖြစ်သည်ဟု ယူဆမှုအများအပြားနှင့် ငါးမိနစ်သာ ဝင်ရောက်ကစားခွင့်ရတဲ့ အသင်းခေါင်းဆောင်တစ်ဦး၏ အနေအထားအပေါ် အားမလိုအားမရဖြစ်မှုများကိုသာ မြင်တွေ့ကြရသည်။ သို့သော်နည်းပြ မော်ရင်ဟိုက လာမည့်ရာသီ မန်ယူအတွက် ရွှန်းနီ ဆက်လက်ကစားမည်ကို မြင်တွေ့လိုကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ရွှန်းနီမှာ ၂၀၀၄ ခုနှစ်တွင် အဲဗာတန်မှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၁၃နှစ်တာကာလအတွင်း ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား၊ လိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ပြီး ယခု တစ်ကြိမ်တစ်ခါမျှ ကိုင်မြှောက်ဖူးခြင်းမရှိသည့် ယူရိုပါလိဂ်ဖလားကို ပထမဦးဆုံးအကြိမ် ရယူနိုင်ခဲ့သည်။



# အမြဲစိမ်းတောများ မြန်ပြည်တစ်ခွင်ဖြစ်ပေါ်လာဖို့ သစ်တောသစ်ပင်များကို ထိန်းသိမ်းစို့

သန်းတင်အောင်(ကြေးမုံ)



မေ ၂၀ ရက်က ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်က နိုင်ငံနှင့်အဝှမ်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ကာ Green Land စီမံကိန်းများ အကောင်အထည် ဖော်ဆောင်နိုင်ရန်နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးအတည်ပြုလိုက်သည့်အတွက် စာရေးသူအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မြို့ပြတိုးချဲ့**

အဆိုရှင်က မြန်မာနိုင်ငံ၌ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တို့တွင် တောတောင်ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ နိုင်ငံတကာ ရာသီဥတု ဘေးအန္တရာယ် အညွှန်းကိန်းအဆင့်များနှင့် ပတ်သက်၍ နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ကို တွေ့ရပါကြောင်း၊ တရားဝင်နှင့် တရားမဝင် သစ်ထုတ်လုပ်မှု အလွန်အကျွံများခြင်း၊ မြေအောက်သယံဇာတ တူးဖော်ခြင်း၊ မြို့ပြတိုးချဲ့ခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်ရခြင်းဖြစ်ပါကြောင်းပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းခဲ့သည်။

၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံများ ရာသီဥတုပြောင်းလဲမှုပြဿနာကို နည်းမျိုးစုံခံစားနေရသည်။ ဖြေရှင်းရန်နည်းလမ်းကို ရှာဖွေကြရာ၌ သစ်တောများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းခြင်းပင်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

**သဘာဝဘေးကြုံတွေ့**

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခံစားခဲ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သော "နာဂစ်" မုန်တိုင်းအန္တရာယ်ကြောင့် ပျက်ဆီးဆုံးရှုံးမှုမြောက်မြားစွာကြုံတွေ့ခံစားခဲ့ရသည်။

ထို့အတူ ၂၀၁၀ ပြည့်နှစ် မိုးနှောင်းကာလက ရခိုင်ရိုးမကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မိုးနည်းရပ်ဝန်းဒေသများတွင် တိုက်ခတ်ခဲ့သော "ဂီရိ" မုန်တိုင်း အန္တရာယ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းစစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် တိုက်ခတ်ခဲ့သော "အိုတူးဘီ"မုန်တိုင်းအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်သည်။

**ပြန်လည်ပျိုးထောင်**

ဤသို့မုန်တိုင်းအန္တရာယ်ကို ကာကွယ်ရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်မှုကိုတားဆီးနိုင်ရန်သစ်တောများ စိုက်ပျိုးတည်ထောင်ခြင်းများ ဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောဧရိယာ ဟက်တာ သန်း ၂၀ ခန့် တိုးပွားလာစေရန် ရည်မှန်းလျက် ၂၀၁၃ ခုနှစ်မှ စတင်၍ သစ်တောများ ထာဝစဉ်တည်တံ့စေရေးနှင့် ပြန်လည်ပျိုးထောင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်များကြောင့် ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းမှသည် ၂၀၁၅ ခုနှစ်အထိ စီးပွားရေးဆုံးရှုံးမှုပမာဏ ဒေါ်လာ ခုနစ်ထရီလီယံရှိကြောင်း လေ့လာမှုစစ်တမ်းများအရ သိရသည်။ စီးပွားရေးဆုံးရှုံးမှု ၆၀ ရာခိုင်နှုန်းသည် ရေကြီးခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် ဖြစ်ကြောင်းလည်း သိရသည်။ ဗီယင်နာမြို့တွင်ကျင်းပသည့် ဥရောပဘူမိသိပ္ပံအသင်းကြီး အစည်းအဝေးတွင် ဖတ်ကြားသော စာတမ်း၌ ထိုနှစ်အတောအတွင်း ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ တောမီးလောင်ခြင်း စသော သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးခဲ့ရသည့် လူဦးရေပမာဏမှာ ရှစ်သန်းခန့်ရှိကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့် ၁၁၅ နှစ်အတွင်း (၂၀၁၅ ခုနှစ်အထိ) သဘာဝဘေးအန္တရာယ်ပေါင်း ၃၅၀၀၀ ကျရောက်ခဲ့သည်။ အဆိုပါသဘာဝဘေးအန္တရာယ်များထဲတွင် ရေကြီးရေလျှံမှုအန္တရာယ်ကြောင့် လူသေဆုံးမှု ၅၀ ရာခိုင်နှုန်းနှင့် စီးပွားရေးဆုံးရှုံးမှု ၃၈ ဒသမ ၅ ရာခိုင်နှုန်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် စီးပွားရေးဆုံးရှုံးမှု ၁ ရာခိုင်နှုန်း၊ ငလျင်အန္တရာယ်ကြောင့် စီးပွားရေးဆုံးရှုံးမှု ၂၆ ရာခိုင်နှုန်းနှင့် လူသေဆုံးမှု ၂ ဒသမ ၃ သန်းရှိခဲ့ရာ လူသေဆုံးမှု ၆၀ ရာခိုင်နှုန်းသည် အဆောက်အအုံပြိုကျခြင်း၊ ၂၈ ရာခိုင်နှုန်းသည် မြေပြိုခြင်း၊ ၁၂ ရာခိုင်နှုန်းသည် ဆူနာမီလှိုင်း ရိုက်ခတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း စာတမ်းပြုစုရေး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျာမနီနိုင်ငံ ကာရူဟီ နည်းပညာသိပ္ပံမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူ ဂျိမ်းစ်ဒယ်နီရယ်လီ၏ အဆိုအရ သိရသည်။

> “ပြီးခဲ့သည့် ၁၁၅ နှစ်အတွင်း (၂၀၁၅ ခုနှစ်အထိ) သဘာဝဘေးအန္တရာယ်ပေါင်း ၃၅၀၀၀ ကျရောက်ခဲ့ . .
> အဆိုပါသဘာဝဘေးအန္တရာယ်များထဲတွင် ရေကြီးရေလျှံမှုအန္တရာယ်ကြောင့် လူသေဆုံးမှု ၅၀ ရာခိုင်နှုန်းနှင့် စီးပွားရေးဆုံးရှုံးမှု ၃၈ ဒသမ ၅ ရာခိုင်နှုန်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် စီးပွားရေးဆုံးရှုံးမှု ၁ ရာခိုင်နှုန်း၊ ငလျင်အန္တရာယ်ကြောင့် စီးပွားရေးဆုံးရှုံးမှု ၂၆ ရာခိုင်နှုန်းနှင့် လူသေဆုံးမှု ၂ ဒသမ ၃ သန်းရှိခဲ့ရာ လူသေဆုံးမှု ၆၀ ရာခိုင်နှုန်းသည် အဆောက်အအုံပြိုကျခြင်း၊ ၂၈ ရာခိုင်နှုန်းသည် မြေပြိုခြင်း၊ ၁၂ ရာခိုင်နှုန်းသည် ဆူနာမီလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့်ဖြစ်. . .”

**သဘာဝပတ်ဝန်းကျင် ယိုယွင်း**

လူတို့အမှီပြုနေကြရသော ကမ္ဘာ့ပတ်ဝန်းကျင်တွင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ၊ သစ်ပင်ပန်းမန်နှင့် ကျေးငှက်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။ အိုဇုန်းလွှာ ပါးလွှာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများကို ဟန့်တားရာတွင် သစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သစ်တောသစ်ပင်များသည် လေထုအတွင်းရှိ ဖန်လုံအိမ်ဓာတ်ငွေ့များတွင် အဓိကပါဝင်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူနိုင်သည့် တစ်ခုတည်းသော အရင်းအမြစ်ဖြစ်သည်။ သစ်တောများက လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စုပ်ယူနိုင်ခြင်း၊ နေစွမ်းအင်ဖြင့် ဓာတုစွမ်းအင်များ ထုတ်လုပ်ရာမှတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူအသုံးချကြသည်။

**ကျန်းမာရေးကို အကျိုးပြု**

ထို့နောက် ပင်ရည်ပုံခြင်းနည်းအားဖြင့် အမြစ်မှ စုပ်ယူရရှိသောအရည်ကို အရွက်များသို့တစ်ဆင့် ပို့ပေးပြီး ရေခိုးရေငွေ့ထုတ်ပေးသည်။ အပင်များသည် ပတ်ဝန်းကျင်အပူရှိန်များလျှင်များသလို ရေငွေ့ပျံမှုများတတ်သည်။ သစ်တောများ ထူထပ်စွာပေါက်ရောက်သော ပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် လူသားတို့၏ ကျန်းမာရေးကို အကျိုးပြုသည့်အပြင် မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်ပါ ကြီးမားသောအထောက်အပံ့ကို ရစေသည့်အတွက် အပင်များကို စိုက်ပျိုးသင့်ပေသည်။

ကမ္ဘာမြေ၏ ၆၀ ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းခဲ့သည်။ မျက်မှောက်ကာလတွင် သစ်တောဖုံးလွှမ်းမှု ၃၅ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာမှုမှာ သစ်တောများပြုန်းတီးမှုကြောင့် ဖြစ်သည်။ ယင်း၏နောက်ဆက်တွဲပြဿနာမှာ သမုဒ္ဒရာ ရေပူစီးကြောင်း (အယ်လ်နီညို)နှင့် သမုဒ္ဒရာ ရေအေးစီးကြောင်း (လာနီညာ)တို့ ဖြစ်ပေါ်ကာ ယင်းတို့နှင့် နီးစပ်သော ကမ္ဘာ့နိုင်ငံများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ မုန်တိုင်းကျရောက်ခြင်း စသည့် ဆိုးရွားသောရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားကြရပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနိမ့်ကျခဲ့ရသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်းကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကအကြောင်းရင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့်ဖြစ်သည်။

**အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းအားပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြရင်း နိုင်ငံတစ်ဝှမ်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ကာ Green Land စီမံကိန်းများ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသများပါမကျန် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ပါစေကြောင်း -----။ ။

## ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**မြစ်ကြီးနား မေ ၂၅**

ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပြုလုပ်ရခြင်းနှင့် ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ဝယ်ယူရန် လှူဒါန်းငွေကျပ် ၇ သိန်းနှင့် ဗလာစာအုပ် ဒါဇင် ၆၀၀ အား ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူ၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက "ဇာတိမာန်"တေးသီချင်းဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်အား ၇၀၀ ကျော်တက်ရောက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းအပ်နှံမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား ဆောင်ရွက်ရမည့်ကိစ္စရပ်များဆွေးနွေး



**ဟားခါး မေ ၂၅**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးအတွက် စတုတ္ထအကြိမ် လာရောက်ရှင်းလင်းသည့်အဖွဲ့နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝိကောက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ အဖွဲ့ခေါင်းဆောင် အလုပ်သမား၊ လူမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဌေးလှိုင်က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးနေဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ဦးတို့က ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဝိကောက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်းအပ်နှင်း

**ဗန်းမော် မေ ၂၅**

ကချင်ပြည်နယ် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၌ အမှတ်စဉ်(၁၅) ပထမနှစ် သူနာပြု-သားဖွား(ဒီပလိုမာ) သင်တန်းသား၊ သင်တန်းသူများ၏ အမျိုးသားသူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်း အပ်နှင်းခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်လိုအပ်ချက်နှင့်အညီ လုံလောက်စွာမွေးထုတ်ခြင်းဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ (Professional Development) သို့ ဦးတည်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ် (Nursing profession) ကို ပြည်သူလူထုမှ အားကိုးယုံကြည်ပြီး မွန်မြတ်သောလုပ်ငန်းအဖြစ် ဆက်လက်တည်တံ့အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသင်းက အမျိုးသားသူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားသုံးဦးနှင့် သင်တန်းသူ ၅၈ ဦးတို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသင်း၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်ခင်မူမူအောင်နှင့် သင်တန်းကျောင်းအုပ် ဒေါ်နန်းဇင်မော်မော်တို့က အမျိုးသားသူနာပြုဝတ်စုံနှင့် သူနာပြုဦးဆောင်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက အပြည်ပြည်ဆိုင်ရာသူနာပြု သစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ်အတန်းတင်စာမေးပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် P.T.S စာမေးပွဲတွင် ဆုရရှိသူများအားလည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ဗန်းမော်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာသက်အောင်တို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိမ် (၂၀) မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**သရက် မေ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ် (၂၀) မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သလ္လာဝတီဆောင်၌ကျင်းပရာ အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပန်းချီပြိုင်ပွဲတွင် လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့၊ မူးယစ်ကင်းစင် ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး၊ အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့၊ သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ၊ မူးယစ်စွဲသူ ဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်၊ Listen . Listening to children and youth၊ FIRST is the first step to help then grow heslthy and them ခေါင်းစဉ်များမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မိုင်းဖြတ်၌မိုးသက်လေပြင်းတိုက်ခတ်

**မိုင်းဖြတ် မေ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့တွင် မေ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်မှ သစ်ကိုင်းများ လမ်းပေါ်သို့ ကျိုးကျခြင်း၊ တယ်လီဖုန်းကြိုးတိုင်များ လဲကျခြင်းနှင့် ရေအားလျှပ်စစ်မီးတိုင်မှ မီးကြိုးများ ပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဝမ်ဟွေရပ်ကွက် ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ သစ်ပင်မှ သစ်ကိုင်းများ ကျိုးကျမှုကြောင့် တယ်လီဖုန်းကြိုးတိုင်များ လဲကျခြင်းနှင့် ရေအားလျှပ်စစ်မီးတိုင်ရှိ မီးကြိုးပေါ် ကျရောက်သဖြင့် လျှပ်စစ်မီး ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကန်လုံရေအားလျှပ်စစ်မှ တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးသည်။

ထို့အတူ မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ဝမ်ကောင်းကျေးရွာတွင် နေအိမ်တစ်လုံး ဒိုင်းနှင့်သွပ်အမိုးလန်ခြင်း၊ မိုင်းဖြတ်ကျေးရွာအုပ်စု ဝမ်နောင်ကျေးရွာတွင် ပျဉ်ကာ၊ သွပ်မိုးနေအိမ်တစ်လုံး အမိုးလန်ခြင်းများဖြစ်ပွားရာ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**



## စံချိန်စံညွှန်း အရည်အသွေးမီ စားသောက်ကုန်များရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မင်းဘူး မေ ၂၅**

အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ အများပြည်သူတို့ စားသုံးနိုင်ရန် ကျောင်းဈေးတန်းများတွင် စားသုံးရန်မသင့် မုန့်များ မရောက်ရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော အစားအသောက်များ ဈေးကွက်အတွင်းရောင်းချမှုရှိ၊ မရှိကို မင်းဘူးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မေ ၂၄ ရက် ညနေ ၃ နာရီက မင်းဘူးမြို့ စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက စံချိန်စံညွှန်း အရည်အသွေးမီထုတ်လုပ်သော စားသောက်ကုန်များ ရောင်းချမှုရှိ၊ မရှိနှင့် စားသုံးရန်မသင့်ကြေညာထားသော အစားအသောက်များ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးပြီး ပြည်သူများစားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမပြုရန် တားမြစ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**ရခိုင် မေ ၂၅**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ဒေသခံပြည်သူများတွေ့ဆုံပွဲအခမ်းအနားကို ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မေ ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိဝန်ထမ်းများနှင့် ဒေသခံပြည်သူ အင်အား ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောက်ဖြူမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးထားသော အနေအထားများနှင့် ဒေသဖွံ့ဖြိုးမှု လိုအပ်ချက်အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

တက်ရောက်လာသောဒေသခံပြည်သူများက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေဖူလုံရေး၊ လယ်ယာမြေ ပုံစံ(၇) ရရှိရေးစသော ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် အခြေအနေများအား တင်ပြခဲ့ရာ သက်ဆိုင်ရာဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကျောက်ဖြူမြို့နယ်အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အပံ့ပစ္စည်းများဖြစ်သည့် မီးစက်ရှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ရေစုပ်စက်ငါးလုံး၊ အသက်ကယ်အင်္ကျီ (Life jacket) ၅၀ နှင့် safety coat ၂၅ ထည်တို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေရှားပါးမှုပြဿနာဖြေရှင်းရန်တင်ပြလာသော ကျေးရွာအတွက် ရေကန်တူးဖော်ရန် ငွေကျပ်သိန်း ၅၀ အား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**စောမိုးကျော်(ကျောက်ဖြူ)**

# ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်းဖြန့်ဝေခြင်းပြုလုပ်

**လှိုင်ကော် မေ ၂၅**
ကယားပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ကယားပြည်နယ်၏ ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်း ၂၀၁၅-၂၀၁၆ စာအုပ်ပြုစုခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် ယင်းစာအုပ်အား ကယားပြည်နယ်အစိုးရအဖွဲ့၊ မိတ်ဖက်ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ ဖြန့်ဝေခြင်းအခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး UNICEF မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Paul Edwards က ကယားပြည်နယ်၏ ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်းစာအုပ် ပြုစုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့လည်းကောင်း၊ UNICEF မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Paul Edwards က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လူမှုဝန်ထမ်းဦးစီးဌာနသို့လည်းကောင်း ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်း ၂၀၁၅-၂၀၁၆ စာအုပ်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျေးလက်တောင်သူများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပြသင်တန်းပေး

**ကြာအင်းဆိပ်ကြီး မေ ၂၅**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာတောင်သူများအား ဈေးကွက်ဝင် စပါးနှင့်သီးနှံများအဖြစ် အရည်အသွေးရှိ စိုက်ပျိုးထုတ်လုပ်မှုမြင့်တက်စေရေး၊ ဒေသအတွင်း မွေးမြူရေးကဏ္ဍတွင် သားငါးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်တောင်သူများအား နည်းပညာပေးခြင်းသင်တန်းကို မေ ၂၂ ရက်က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ကျော်မှ တောင်သူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ မေ ၂၄ ရက်အထိ အခြေခံမျိုးစေ့ထုတ်လုပ်နည်းပညာမိတ်ဆက်ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးအရည်အချင်းလက္ခဏာများနှင့် မျိုးရောခြင်းကို ရှောင်ရှားနည်းနှင့် ဆန်နီကာကွယ်နည်း၊ မြေ ဆီလွှာအသုံးချမှု၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်း လွန်နည်းပညာ၊ မျိုးစေ့နမူနာယူခြင်း၊ မျိုးစေ့စစ်ဆေးခြင်း၊ မျိုးစေ့ဖြန့်ဖြူးခြင်း၊ မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာအခက်အခဲများ စသည့်သင်ခန်းစာများ၊ ဒေသအတွင်း မွေးမြူရေးကဏ္ဍဖြင့် သားငါးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် မွေးမြူရေးပညာရှင်များက စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဒလမြို့နယ်သင်္ဘောဆိပ်ကမ်း၌ CCTV လုံခြုံရေးကင်မရာများ တပ်ဆင်မည်



**ဒလ မေ ၂၅**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်မြို့နယ်များရှိ ခရီးသွားမိဘပြည်သူများအတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန် CCTV ကင်မရာများကို ဒလသင်္ဘောဆိပ်ကမ်း၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုံခြုံရေးကင်မရာများ တပ်ဆင်ရာ၌ ဒလမြို့နယ် သင်္ဘောဆိပ် အတက်၊ အဆင်း တံတားပေါ်တွင် နှစ်လုံး၊ ဒလမြို့နယ်မှ ကြိုဆိုပါ၏နေရာတွင် တစ်လုံး၊ ဒလအဝိုင်းပတ်တို့တွင် တစ်လုံး စုစုပေါင်း နေရာလေးခု၌ လုံခြုံရေးကင်မရာ လေးလုံးကို တပ်ဆင်သွားမည်ဖြစ်ကြောင်း ဒလဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အတူ ဒလမြို့နယ်ရဲတပ်ဖွဲ့စခန်း မြို့မရဲစခန်း ရဲတပ်ဖွဲ့ဝင်များမှ နေ့စဉ် နံနက် ၆ နာရီ မှ ညနေ ၆ နာရီအထိ ခရီးသွားပြည်သူများ နယ်မြေလုံခြုံမှုရှိစေရေးနှင့် ခိုး၊ ဆိုး၊ လုယက်မှုများမဖြစ်ပေါ်စေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် လုံခြုံရေးကိုလည်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများမှာ အေးအေးချမ်းချမ်း လွတ်လပ်စွာ သွားလာလျက်ရှိကြောင်း တွေ့ရသည်။

ဒလမြို့နယ်ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ခရီးသွားပြည်သူများစွာတို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ နေ့စဉ် ဝင်ပေါက်ထွက်ပေါက်နေရာတစ်ခုအဖြစ် ဖြတ်သန်းသွားလာနေကြသော အချက်အချာကျသည့် နေရာတစ်ခုဖြစ်ပေသည်။

ထိုသို့ ဖြတ်သန်းသွားလာရာတွင်လည်း ဒလ-ပန်းဆိုးတန်းဆိပ်ကမ်း၌ ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) သင်္ဘောကြီးများဖြင့် ကူးသန်းသွားလာနေကြရာ တစ်ရက်လျှင် အခေါက်ရေ ၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ရပ်နားချိန် မိနစ် ၂၀ နှုန်းဖြင့် ခရီးသည်များ အခက်အခဲမရှိစေရေးအတွက် ကူးတို့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပဲခူးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးသီတင်းပတ် လှုံ့ဆော်ရေးပိုစတာဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၂၅**
ပဲခူးမြို့ ရန်ကုန်-မန္တလေးအမြန်ကားလမ်းမဘေး အထွေထွေရောဂါကုပြည်သူ့ဆေးရုံလမ်းထောင့်၌ မေ ၂၅ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် လှုံ့ဆော်ရေးပိုစတာဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတီးဝိုင်းအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့မှ မြန်မာ့ကျောင်း၊ ဇာတိမာန်၊ ပလတ်စတစ်အရုပ်ကလေးများသီချင်းဖြင့် တီးမှုတ်ကပြဖျော်ဖြေပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က "ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး" ကျောင်းအပ်နှံရေးသီတင်းပတ်လှုံ့ဆော်ရေးမြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူလတန်း(ခွဲ)ကျောင်းပေါင်း ၄၈၂၄ ကျောင်းရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၈၈၅၉၈၁ ဦးသည် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားရှိသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့် တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



# ကျောင်းဖွင့်အမီ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကျောင်းများတွင် ခြင်ဆေးဖျန်း

**မြောက်ဥက္ကလာပ မေ ၂၅**
ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏စီစဉ်မှုဖြင့် ကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရန်အတွက် မြို့နယ်အတွင်းရှိ အထက၊ အလကနှင့် အမက ကျောင်းဆောင်များအတွင်း မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းအား မြို့နယ်အတွင်းရှိ အထက ခြောက်ကျောင်း၊ အလက ၁၁ ကျောင်းနှင့် အမက ၄၁ ကျောင်းတို့တွင် ဆောင်ရွက်လျက်ရှိသည်။ ယင်းကျောင်းများကို ကျောင်းဖွင့်အမီ အပြီးဆောင်ရွက်ပေးသွားမည်ဟု မြို့နယ်စည်ပင်သာယာကျန်းမာရေးမှူးက ပြောသည်။

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ကျန်းမာရေးမှူးဦးထွန်းသိန်းတို့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းဝင်း**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# YBS အတွက်စီးပွားရေးမော်ဒယ်(Business Model)

သက်အောင် (Shiga) M.A (Economics)

> ဂျပန်နိုင်ငံနမူနာအတိုင်း ခရီးသည်ကျောင်းသူတစ်ယောက်တည်းသာရှိနေသည့်တိုင် ရထားကို တာဝန်ရှိစွာဖြင့် ဆက်လက်ပြေးဆွဲ . . . အရေးကြီးသော မြို့တွင်းလိုင်းများတွင် အလုပ်ဆင်းသူ လုပ်သားများစွာအတွက် အခမဲ့ယာဉ် လိုင်းများ ပြေးဆွဲပေးနေသည့် ထိုင်းနိုင်ငံဘတ်စ်ကားလိုင်းကဲ့သို့သော လေးစားအားကျဂုဏ်ယူစရာ ဘတ်စ်ကားစနစ်ကြီး ဖြစ်ပေါ်လာမည်မှာ အသေအချာပင်. . .

အများပြည်သူနှင့်သက်ဆိုင်သည့် YBS စနစ်နှင့်ပတ်သက်ပြီး စီးပွားရေးပညာလေ့လာသူတစ်ယောက်အနေနှင့် အသုံးချနိုင်စရာအမြင်လေးကို သာမန်ပြည်သူတစ်ယောက်၏ ရှုထောင့်ကနေ တင်ပြချင်ပါသည်။

အမှန်တကယ်တော့ ခရီးသည်သယ်ယူပို့ဆောင်ရေးစနစ်ဆိုသည်မှာ စီးပွားရေးပညာ (Business Model)၊ စာရင်းအင်းပညာ (အချက်အလက်ကောက်ယူသုတေသနပြုခြင်း)၊ သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ IT နှင့် ဥပဒေပညာစသည့် ကွဲပြားခြားနားသော ပညာရပ်များကိုအသုံးပြု၍ ချဉ်းကပ်ဖြေရှင်း လုပ်ကိုင်ဆောင်ရွက်ရသော ဘက်စုံချဉ်းကပ်မှု (Multi Disciplinary Approach) လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ဥပမာ-ကွန်ပျူတာချစ်(ပ်)ပြား (RFID) များကို မော်တော်ကားတွင်လည်းကောင်း၊ ကားလမ်းအောက်များတွင်လည်းကောင်း တပ်ဆင်၍ စုစုပေါင်း ကားအရေအတွက်၊ ကြိမ်နှုန်း၊ ကားအမျိုးအစားစသည့်အချက်အလက်များကို ကောက်ယူနိုင်ပါသည်။

**ကြိုတင်ခန့်မှန်း**

မည်သူတွေကမည်သည့်အတွက်ကြောင့် မည်သည့်အချိန်မှာ လမ်းကိုအသုံးပြုသနည်း။ လက်ရှိရှိနေသောလမ်းအရွယ်အစား၊ ကားဂိတ်များနေရာချထားမှု၊ အခြားပို့ဆောင်ရေးစနစ်နှင့် ချိတ်ဆက်ထားမှု၊ ဗဟိုထိန်းချုပ်မှုစနစ်စသည်များကို အခြေခံ၍ အနေတော်ရရှိနိုင်မည့် ဖြေရှင်းချက် (Optimal solution) တစ်ခု လိုအပ်မည်ဖြစ်ပါသည်။ (လက်ရှိလည်းဖြေရှင်းနေပါသည်။) အကယ်၍ သတင်းအချက်အလက် (Data) အပြည့်အစုံရရှိပါက အထက်ပါအချက်အလက်များကိုအခြေခံ၍ သဏ္ဌာန်တူ (Simulation) ပြုလုပ်ခြင်းဖြင့်လည်း ကြိုတင်ခန့်မှန်း အဖြေရှာနိုင်ပါသည်။

စာရေးသူအနေနှင့် စီးပွားရေးမော်ဒယ် (Business Model) ကို အသုံးပြု၍ လိုအပ်ချက်တစ်စိတ်တစ်ပိုင်းကိုသာ ထောက်ပြအကြံပြုချင်ပါသည်။ အခြားအမြင်မတူညီမှုများ၊ ဝေဖန်မှုများလည်း ရှိနေမှာသေချာပါသည်။

ပထမဆုံးအနေနှင့် YBS စနစ်တွင်ပါဝင်ပတ်သက်နေသည့် အကြောင်းအရာ (Content) နှင့် ကိန်းရှင် (Variables) များကို လေ့လာကြည့်ပါက -

၁။ စုစုပေါင်း ဘတ်စ်ကားစီးခရီးသည်အရေအတွက် (အများဆုံးနှင့် အနည်းဆုံးအချိန်)

၂။ စုစုပေါင်း ဘတ်စ်ကားအရေအတွက် (အနိမ့်ဆုံးရှိရမည့်အရေအတွက်နှင့် အရန်ကားထားရှိမှု) (အရေအတွက်ကိန်းရှင်)

၃။ ဘတ်စ်ကားလိုင်းများ လွှမ်းခြုံနိုင်မှုနှင့် လိုင်းအလိုက်စီးနင်းသည့်ခရီးသည် (အမြတ်များသောလမ်းကြောင်းနှင့် အရှုံးပေါ်သောလမ်းကြောင်း) (Network coverage)

၄။ စက်သုံးဆီဈေးနှုန်း (ပြောင်းလဲနေသောသွင်းအားစုကိန်းရှင်)

၅။ ဘတ်စ်ကားခ (အမြင့်ဆုံးနှင့်အနိမ့်ဆုံးထားရှိနိုင်မှု)

၆။ ဘတ်စ်ကားများပြုပြင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့နိုင်မှု [ချွတ်ယွင်းပြုန်းတီးမှု (Depreciation)]

၇။ YBS ဈေးကွက်၏ပုံသဏ္ဌာန် (Market structure) (အမြတ်ကြီးစားမှုဈေးကွက်အပြည့်ပြိုင်ဆိုင်မှုဈေးကွက်)

၈။ ရင်းနှီးမြှုပ်နှံသူများ၏အရင်းအနှီးကုန်ကျစရိတ် (Cost of capital) (အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ တစ်ဦးချင်း) နှင့် စနစ်တစ်ခုလုံးအတွက်ရင်းနှီးမြှုပ်နှံရမည့်ပမာဏ (Size of capital)

၉။ အမြတ်ရရှိနိုင်မှု (ဘီလီယံ ၆၀ ခန့်) (Profit space) နှင့် အမြတ်ရလိုမှု (Desire profit)

၁၀။ ခရီးသည်များသက်သောင့်သက်သာစီးနင်းနိုင်မှု၊ အချိန်အကြာကြီးမစောင့်ရဘဲ စီးနင်းနိုင်မှုနှင့် လုံခြုံစိတ်ချရမှု (အရည်အသွေးပိုင်းဆိုင်ရာကိန်းရှင်)

၁၁။ မောင်းနှင်သူကားဒရိုင်ဘာများအတွက် လေ့ကျင့်သင်ကြားပေးရေးနှင့် အကျိုးအမြတ်ခွဲဝေခံစားနိုင်မှု (သင်တန်းကျောင်းနှင့် ရှယ်ယာပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း)

၁၂။ YBS ၏လွှမ်းခြုံသောလိုင်းများအားလုံး၌ ဘတ်စ်ကားများအချိန်မှန်ပြေးဆွဲပေးနေမှု (ခရီးသည်မရှိလည်း ပုံမှန်ပြေးဆွဲပေးနေရပါမည်) (System coverage)

၁၃။ ဗဟိုထိန်းချုပ်ရေးမှ System တစ်ခုလုံးလွှမ်းခြုံထိန်းချုပ်နိုင်ရေး (System Control)

၁၄။ အထက်ဖော်ပြထားသည့် အရေအတွက်၊ အရည်အသွေး၊ ကိန်းသေ၊ ကိန်းရှင်၊ ဝယ်လိုအား၊ ရောင်းလိုအား၊ တန်ဖိုး (value) စသည့်ကိန်းရှင်များ YBS စနစ်တွင်ပါဝင်အကျိုးပြုနေသည့်အနေအထား (Contribution level) အလိုက်၊ အရေးပါမှုအချိုးအစား (Significant ratio) ကို သတင်းအချက်အလက်များ ရရှိလျှင် ရရှိနိုင်သလိုတွက်ချက်နိုင်ပါမည်။

ကိန်းရှင်အားလုံးကိုတူညီသောယူနစ်သို့ပြောင်းလဲနိုင်ရန်လိုအပ်ပါသည်။ ကိန်းရှင်အများစုမှာလည်း ပြောင်းလဲနေသောအခြေအနေ (Dynamic condition) ကို ကိုယ်စားပြုထားပါသည်။

**အပြန်အလှန်ဆက်စပ်**

အဆိုပါကိန်းရှင်များ၏တစ်ခုချင်းအလိုက်ဆက်စပ်နေမှုကိုစဉ်းစားကြည့်ပါက စုစုပေါင်းဘတ်စ်ကားစီးခရီးသည်အရေအတွက်မှာ အခြေခံအကျဆုံးကိန်းရှင် (ဝယ်လိုအား) ဖြစ်ပြီး ၎င်းကို ဖြည့်ဆည်းပေးရန်အတွက် စုစုပေါင်းဘတ်စ်ကားအရေအတွက် (ရောင်းလိုအား)၊ စက်သုံးဆီဈေးနှုန်း၊ ရင်းနှီးမြှုပ်နှံမှုအတွက်ပြန်လည်အမြတ်ရလိုမှု (Return On Investment) နှင့် ဘတ်စ်ကားခတို့ အပြန်အလှန်ဆက်စပ်နေပါသည်။

ဘတ်စ်ကားအရေအတွက် (ပြောင်းလဲနေသောကိန်းရှင်) ကိုကြည့်ပါက အနည်းဆုံး ဘတ်စ်ကားလိုင်းများလွှမ်းခြုံနိုင်သည့် ကားအရေအတွက် (Network coverage)၊ အရန်ကားထားရှိရမည့်ပမာဏ (Peak and Low Time)၊ ခရီးသည်များသက်သောင့်သက်သာရှိမှု၊ လျင်မြန်စွာ စီးနင်းသွားလာနိုင်မှုများနှင့်လည်း ဆက်စပ်နေပါသည်။

**ဈေးကွက်ပုံသဏ္ဌာန်သို့ဦးတည်**

ထို့ပြင် ရင်းနှီးမြှုပ်နှံလိုသူ၏ (သင့်တင့်သောအမြတ်ပြန်ရချက်ဖြင့်) YBS စနစ်သို့ဝင်ရောက်နိုင်သည့် ဈေးကွက်ပုံသဏ္ဌာန် (လက်ဝါးကြီးအုပ်ဈေးကွက် အပြည့်ပြိုင်ဆိုင်မှုဈေးကွက်) နှင့်လည်း ဆက်စပ်နေပြီး လက်ရှိအချိန်တွင် အပြည့်ပြိုင်ဆိုင်မှုဈေးကွက် (Perfect competition) သို့မသွားနိုင်သည့်တိုင် အနည်းဆုံး အပြည့်ပြိုင်ဆိုင်မှုဈေးကွက်မဟုတ်သောဈေးကွက် (Imperfect competition) ဈေးကွက်ပုံသဏ္ဌာန်သို့ ဦးတည်ထားသင့်ပါသည်ဟု ယူဆပါသည်။

**ဈေးနှုန်းသင့်တော်**

ဘတ်စ်ကားခ (အမှတ်စဉ် ၅) ကိုလည်း အရင်းအနှီးကုန်ကျစရိတ် (Cost of capital) (အမှတ်စဉ် ၈)၊ စက်သုံးဆီဈေးနှုန်း၊ ဘတ်စ်ကားများရေရှည်ထိန်းသိမ်းပြုပြင်နိုင်ရေးနှင့် အမြတ်ရလိုမှု (အမှတ်စဉ် ၉) စသည်တို့ကို အခြေခံ၍ တတ်နိုင်သမျှ ခရီးသွားပြည်သူများကို ဖိအားမဖြစ်စေရန် အမြတ်အများဆုံးအစွန်းဘက်မှ ဈေးနှုန်းသင့်တော်မှု (Social welfare) ဘက်သို့ ကပ်နိုင်ရန် ကြိုးစားသင့်သည်ဟု ထင်မြင်မိပါသည်။

ရင်းနှီးမြှုပ်နှံသူများ၏ အရင်းအနှီးကုန်ကျစရိတ် (Cost of capital) နှင့် အရင်းအနှီးပမာဏ (Size of capital) ကိန်းရှင်မှာ ဘတ်စ်ကားလိုင်းများလွှမ်းခြုံနိုင်မှု (Network coverage) (အမှတ်စဉ် ၃)၊ စုစုပေါင်းကားအရေအတွက် (အမှတ်စဉ် ၂)၊ အမြတ်ရလိုမှု (Desire profit) (အမှတ်စဉ် ၉ ) တို့နှင့် ဆက်စပ်နေပါသည်။ အရင်းအနှီးကုန်ကျစရိတ် (Cost of capital) မှာ YBS စနစ်တွင် ပါဝင်ရင်းနှီးမြှုပ်နှံမည့် အစိုးရ (ဘတ်ဂျက်)၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းအလိုက် အရင်းအနှီးရရှိနိုင်မှု အရင်းအမြစ် (Source of capital) များမတူညီကြပါ။

သို့သော် အထက်ပါဖော်ပြခဲ့သည့် ကိန်းရှင်များအားလုံးကို အခြေခံပြီး အကောင်းဆုံးလည်ပတ်နိုင်မည့် YBS စနစ်တစ်ခုလုံး (Under one Roof) ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်ပြန်ရချက် (Return on Investment) မှာ အတူတူပင်ဖြစ်ပါမည်။ (Under stable YBS system)

**ရင်းနှီးမြှုပ်နှံမှု**

နောက်တစ်ချက်မှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ (System coverage) ကို မည်သည့်အချိုးအစားဖြင့် မည်သူတို့ကို ခွဲဝေရင်းနှီးမြှုပ်နှံစေမည့်အပိုင်းဖြစ်ပါသည် (Capital structure)။ ပုဂ္ဂလိကအကျိုးစီးပွား၏ အမြတ်အများဆုံး (Profit Maximization) ကို တန်ပြန်ထိန်းထားနိုင်ရန်နှင့် အတတ်နိုင်ဆုံး ဘတ်စ်ကားခကို သင့်တင့်မျှတမှုရှိစေရန် (Social welfare) အတွက် အစိုးရ၏အရင်းအနှီးပါဝင်မှု ရှိကိုရှိသင့်ပါသည်။

အစိုးရဘတ်ဂျက်အရင်းအနှီးအတွက် အခွင့်အလမ်းစရိတ် (Opportunity cost) ရှိပြီး ကိုယ်ပိုင်ငွေ (Equity) ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းစရိတ် (Opportunity cost) ၈ ရာခိုင်နှုန်း (ဘဏ်တိုးနှုန်း) ရှိကာ၊ ဘဏ်ချေးငွေ (Debt) နှင့် ရင်းနှီးမြှုပ်နှံသူများအတွက်တော့ အရင်းအနှီးစရိတ်မှာ ၁၃ ရာခိုင်နှုန်း ရှိနေမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အမြတ်ရလိုမှု (အမှတ်စဉ် ၇) အတွက် ရင်းနှီးမြှုပ်နှံမှုအပေါ်မှပြန်ရချက် (Return on Investment) ကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း (Benchmark) ထားရှိသင့်ပြီး ဘဏ်ချေးငွေကိုအားပြုသည့် ရင်းနှီးမြှုပ်နှံသူများအတွက်တော့ အခက်အခဲရှိနိုင်ပါသည်။

**ဈေးကွက်ပုံသဏ္ဌာန်**

ဈေးကွက်ပုံသဏ္ဌာန် (Market structure) ကို ရေရှည်ကာလ၌ အပြည့်ပြိုင်ဆိုင်မှုဈေးကွက် (Perfect Competition) သို့ပြောင်းလဲရင်း ဖြစ်နိုင်ပါက Stock Exchange (YSE) ဈေးကွက်သို့ဝင်ရောက်၍ ပွင့်လင်းမြင်သာစွာဖြင့် အရင်းအနှီးရှာဖွေခြင်းဖြင့်သာ လိုအပ်သောအရင်းအနှီးအားလုံး (System coverage) ကို အရင်းအနှီးစရိတ် (Cost of capital) အနည်းဆုံးဖြင့် ရှာဖွေသင့်သည်ဟု ယူဆရပါသည်။

ဥပမာ ကိုယ်ပိုင်ငွေ (Equity) နှင့် ရင်းနှီးမြှုပ်နှံသူများလာပါက ဘဏ်ချေးငွေ (Debt) ဖြင့်ရင်းနှီးမြှုပ်နှံသူများ အနည်းနှင့်အများ ထွက်ခွာသွားရမည်ဖြစ်ပါသည်။ ရှယ်ယာဈေးနှုန်းမှာလည်း အမြင့်ဆုံးအမြတ်ရလိုမှုနှင့် အရှုံးပေါ်နိုင်သောအနေအထား (Highest Social Welfare) ဖြစ်သည့် အစွန်းနှစ်ဖက်ကိုရှောင်နိုင်သောမျှတသည့်အနေအထား၌ ကိုယ်စားပြုနေပါလိမ့်မည်။

**အတ္တ၊ ပရဟိတမျှတ**

သို့ဖြစ်ပါ၍ စုစုပေါင်းဘတ်စ်ကားစီး ခရီးသည်အရေအတွက်ဆိုသည့် ပြောင်းလဲနေသောကိန်းရှင်မှ စတင်၍ ကျန်ကိန်းရှင်များအားလုံး၏ပါဝင်ဆက်စပ်မှု (အရင်းအနှီးကုန်ကျစရိတ် + ချွတ်ယွင်းပြုန်းတီးမှု + စက်သုံးဆီ + အမြတ် ၁၀ ရာခိုင်နှုန်း) တို့ကို ပြောင်းပြန်ပြန်လည်တွက်ချက်ကာ အတ္တ၊ ပရဟိတမျှတစွာဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံသူ၏အကျိုးစီးပွားနှင့် စီးနင်းလိုက်ပါသူပြည်သူများအားလုံး အဆင်ပြေပြေသွားလာနိုင်အောင် သတ်မှတ်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သို့မှသာဂျပန်နိုင်ငံနမူနာအတိုင်း ခရီးသည်ကျောင်းသူတစ်ယောက်တည်းသာရှိနေသည့်တိုင် ရထားကို တာဝန်ရှိစွာဖြင့် ဆက်လက်ပြေးဆွဲစေမှု (System coverage)၊ အရေးကြီးသော မြို့တွင်းလိုင်းများတွင် အလုပ်ဆင်းသူ လုပ်သားများစွာအတွက် အခမဲ့ယာဉ်လိုင်းများ ပြေးဆွဲပေးနေသည့် ထိုင်းနိုင်ငံဘတ်စ်ကားလိုင်းကဲ့သို့သော လေးစားအားကျဂုဏ်ယူစရာ ဘတ်စ်ကားစနစ်ကြီး ဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ။

# မန်ချက်စတာပေါက်ကွဲမှုရဲ့ ဂီတအပေါ် သက်ရောက်မှုများ



ပြီးခဲ့တဲ့ မေ ၂၂ ရက် ညပိုင်းက အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာမြို့က မန်ချက်စတာအရီနာကွင်းမှာ ဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုဟာ ပေ့ါပ်ကြယ်ပွင့်တစ်ဦး ဖြစ်တဲ့ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲမှာဖြစ်ပွားခဲ့ခြင်း ဖြစ်တာကြောင့် ယင်းပေါက်ကွဲမှုဟာ အခြားသော ဂီတကြယ်ပွင့်တွေရဲ့ တေးဂီတလှုပ်ရှားမှုတွေအပေါ်မှာ လည်း သက်ရောက်မှုတွေရှိလာခဲ့ပါတယ်။

ဒီအကြမ်းဖက်တိုက်ခိုက်မှု အပြီးမှာတော့ အရီရန်နာဂရန်းဒ်က သူ့ရဲ့ ကျန်ရှိနေသေးတဲ့ ဗြိတိန် တေးဂီတဖျော်ဖြေပွဲတွေနဲ့ အခြားသောနယ်လှည့် ဖျော်ဖြေရေးခရီးစဉ်တွေကို ဖျက်သိမ်းလိုက်ပြီဖြစ် ကြောင်း သူ့ရဲ့မန်နေဂျာမှတစ်ဆင့် ထုတ်ပြန်ကြေညာ ခဲ့ကာ လာမယ့် ဇွန်လဆန်းပိုင်းအထိ မည်သည့်ဖျော်ဖြေ ပွဲမျှ ပြုလုပ်သွားမှာမဟုတ်ကြောင်း ထုတ်ဖော်ပြောကြား ခဲ့တယ်လို့လည်း သိရပါတယ်။

အရီရန်နာဂရန်းဒ်က "Dangerous Woman" လို့ အမည်ပေးထားတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်တွေအနက် မေ ၂၅ ရက်မှ လာမယ့် ဇွန် ၅ ရက်အတွင်း ပြုလုပ်သွားဖို့ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲ တွေအားလုံးကို ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။ ပေ့ါပ် ကြယ်ပွင့်ဟာ မေ ၂၅ နဲ့ ၂၆ ရက်တွေမှာ လန်ဒန်မှာရှိတဲ့ အိုတူးသီရေတာမှာ ဖျော်ဖြေသွားဖို့စီစဉ်ထားတာဖြစ် ပြီး မေ ၂၈ ရက်မှာ ဘယ်လ်ဂျီယံမှာလည်းကောင်း၊ မေ ၃၁ နဲ့ ဇွန် ၁ ရက်မှာ ပိုလန်နိုင်ငံမှာလည်းကောင်း၊ ဇွန် ၃ ရက်မှာ ဂျာမနီနဲ့ ဇွန် ၅ ရက်မှာ ဆွစ်ဇာလန် နိုင်ငံတို့မှာ အသီးသီးကျင်းပသွားဖို့ စီစဉ်ထားတာဖြစ် ပေမယ့် လတ်တလောမှာတော့ ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။

အခြားသော နာမည်ကျော်ပေ့ါပ်ကြယ်ပွင့်တစ်ဦး ဖြစ်တဲ့ ဟယ်ရီစတိုင်ကလည်း မန်ချက်စတာ ပေါက်ကွဲ မှုဖြစ်စဉ်အတွင်း အသက်ဆုံးသွားခဲ့သူတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် အဖြစ် သူ့ရဲ့မက္ကဆီကိုနယ်လှည့်ဖျော်ဖြေပွဲကျင်းပနေ စဉ် ခေတ္တငြိမ်သက်ပေးကာ အသိအမှတ်ပြုခဲ့ကြောင်း လည်း သိရပါတယ်။ မကြာသေးမီက သူ့ရဲ့ ပထမဆုံး သော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ "Harry Styles" ကို ထွက်ရှိထားတဲ့ "One Direction" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ ယင်း တေးအယ်လ်ဘမ် အတွက် နယ်လှည့် ဖျော်ဖြေပွဲတွေကို ပြုလုပ်လျက်ရှိရာ ပြီးခဲ့ တဲ့ မေ ၂၃ ရက်က မက္ကဆီကို နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲ မှာတော့ အရီရန်နာဂရန်းဒ်ရဲ့ သေဆုံးသွားခဲ့ရတဲ့ ပရိသတ်တွေ အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြုလုပ်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါ တယ်။

အဆိုပါ မက္ကဆီကိုဖျော်ဖြေပွဲအတွင်း ဟယ်ရီစတိုင်က သူ့ရဲ့မွေးရပ်ဇာတိမြေ လည်းဖြစ်၊ ကလေးဘဝရဲ့ အမှတ်တရ များစွာလည်း တည်ရှိနေတဲ့ မန်ချက်စတာ ကွင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း နဲ့ ဒီလိုအကြမ်းဖက်တိုက်ခိုက်ခံခဲ့ရတဲ့ အတွက် သေဆုံးသွားခဲ့ရတဲ့သူတွေနဲ့ မိသားစုဝင် တွေအတွက် ခေတ္တမျှ ငြိမ်သက်ပေးဖို့တောင်းဆိုပါ ကြောင်း ပရိသတ်တွေကို ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဟယ်ရီစတိုင်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာလည်း သေဆုံးသွား ခဲ့ရသူတွေအတွက် ဆုတောင်းစကားတွေကိုလည်း ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

မန်ချက်စတာပေါက်ကွဲမှုကြောင့် စိုးရိမ်နေကြတဲ့ ပရိသတ်ကြီးက ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာရဲ့ ဖျော်ဖြေပွဲတွေကိုလည်း ဖျက်သိမ်းတာတွေ၊ ရွှေ့ဆိုင်းတာ တွေ ပြုလုပ်သွားဖို့ တောင်းဆိုခဲ့ကြကြောင်းလည်း သိရပါ တယ်။ ဘီဘာပရိသတ်တွေက ပေ့ါပ်ကြယ်ပွင့်ရဲ့ ဗြိတိန်မှာ ပြုလုပ်သွားဖို့ရာ ရည်ရွယ်ထားတဲ့ ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းဖို့အတွက် တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာဟာ လာမယ့် ဇွန် ၃၀နဲ့ ဇူလိုင် ၁ ရက်မှာ ကာဒစ်ဖ်နဲ့ လန်ဒန်မြို့တွေမှာ ဖျော်ဖြေပွဲတွေပြုလုပ်သွား မှာဖြစ်ပြီး ပရိသတ်တွေက ယင်းဖျော်ဖြေပွဲတွေကို ဂျက်စတင်ဘီဘာနဲ့ လာရောက်ကြည့်ရှုကြမယ့် ဘီဘာ ပရိသတ်တွေရဲ့ လုံခြုံရေးအတွက် ဖျက်သိမ်းစေလိုကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသား တောင်းဆိုခဲ့ကြပေမယ့် ဂျက်စတင်ဘီဘာဘက်ကတော့ လတ်တလောအချိန်အထိ တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိသေး ကြောင်းလည်း သိရပါတယ်။

ဂျက်စတင်ဘီဘာရဲ့ ပရိသတ်တွေက "ကျေးဇူးပြုပြီး တော့ မန်ချက်စတာဖျော်ဖြေပွဲကို ဖျက်သိမ်းပေးဖို့ တောင်းဆိုချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂျက်စတင် ဘီဘာကိုရော ပရိသတ်တွေကိုရော အခြားသောတာဝန်ရှိသူ တွေကိုရော လုံခြုံဘေးကင်းစေလိုပါတယ်"၊ "ကျေးဇူးပြု ပြီးတော့ မင်းရဲ့ ဖျော်ဖြေပွဲတွေကို ဖျက်လိုက်ပါ။ မင်းဟာ ဘီဘာချစ်သူတွေအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခုဖြစ်လို့ မင်းကို ဘေးကင်းစေလိုပါတယ်" စသဖြင့် လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသား ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

လတ်တလောဖြစ်ပွားခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ မန်ချက်စတာဖျော်ဖြေပွဲ ပေါက်ကွဲမှုဖြစ်စဉ်မှာ လူပေါင်း ၂၀ ကျော်သေဆုံးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှာဖြစ်ပွားခဲ့တဲ့ ပြင်သစ်မှာ ကျင်းပခဲ့တဲ့ "Eagles of Death" တေးဂီတ အဖွဲ့ရဲ့ ရော့ခ်တေးဂီတဖျော်ဖြေပွဲမှာ ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးခွဲမှုတွေအတွင်းမှာတော့ လူပေါင်း တစ်ရာ နီးပါး သေဆုံးခဲ့တာဖြစ်ပါတယ်။ ယင်း ပါရီအကြမ်းဖက် တိုက်ခိုက်မှုအပြီးမှာလည်း တေးဂီတဖျော်ဖြေပွဲအတော် များများကို ဖျက်သိမ်းခဲ့ကြကြောင်းလည်း သိရပါ တယ်။

**အေးပြည့် စုစည်းသည်**

ကြေးမုံ **ရုပ်ရှင်အညွှန်း**

# ရသစုံကို ပေးစွမ်းသွားမယ့် ယခုသီတင်းပတ်အတွက် ရုံတင်ဇာတ်ကားများ










ယခုသီတင်းပတ် (မေ ၂၆-သောကြာနေ့)မှာ ရုံတင် ပြသကြမယ့် မြန်မာဇာတ်ကားတွေကတော့ လေးကား ပါဝင်နေတာဖြစ်ပြီး လူငယ်တွေရဲ့သဘာဝနဲ့အတူ အမုန်း တရားတွေကို ခံစားနိုင်မယ့် "ချိုမြိန်သောလက်စား ချေခြင်း"၊ ပုဂံရဲ့အလှအပတွေနဲ့ ဘုရားကျွန်တွေရဲ့ အကြောင်းကိုပါ ဗဟုသုတရဖွယ် "ကျွန်"၊ ထိတ်လန့် ဖွယ်ဝိညာဉ်အကြောင်းရိုက်ကူးထားတဲ့ သည်းထိတ်ရင်ဖို ဇာတ်ကား"လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင် အလိုရှိသည်"၊ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝ အကွေ့ အကောက်တွေကို ပုံဖော်ထားတဲ့ "ခေါက်ထီးကလေး မလုံ့တလုံ"စတဲ့ ရုပ်ရှင်တွေပဲဖြစ်ကြပါတယ်။

ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေအဖြစ် စိုင်းစိုင်းခမ်းလှိုင်၊ ခင်ဝင့်ဝါ၊ ရွှေမှုံရတီတို့ ခေါင်းဆောင် ပါဝင်ထားကြတဲ့ "ချိုမြိန်သောလက်စားချေခြင်း" ရုပ်ရှင် ကားမှာတော့ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းနှစ်ဦး အကြားက သံယောဇဉ်နဲ့ မတူညီတဲ့ ဘဝခံယူချက်တွေ အကြား လှည့်စားခံလိုက်ရတဲ့အချစ်တွေ အမုန်းဆီသို့ ပြောင်းလဲသွားရင်း ကြေကွဲစရာတွေနဲ့ နိဂုံးချုပ်ခဲ့ရပုံ တွေကို ဒါရိုက်တာမီးပွားက ခံစားဖန်တီးထားတာ ဖြစ်ပါတယ်။

ယင်းရုပ်ရှင်ကိုတော့ မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိကြတဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေမှာ မေ ၂၆ ရက်က စတင်ပြီး အခြားသောရုံတင်ဇာတ်ကားတွေနဲ့အပြိုင် ပြသ သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"ကျွန်"ရုပ်ရှင်ကားကြီးမှာတော့ မင်းသားတွေအဖြစ် နေတိုးနဲ့ မြင့်မြတ်တို့က အပြိုင်သရုပ်ဆောင်ထားကြပြီး မင်းသမီးတွေအဖြစ် စိုးမြတ်သူဇာနဲ့ ဝတ်မှုန်ရွှေရည်တို့က ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ယင်းဇာတ်ကားမှာ တော့ မျိုးရိုးအဆင့်အတန်းခွဲခြားတတ်တဲ့ သူတွေရဲ့ မောက်မာမှုတွေနဲ့အတူ ဘုရားကျွန်တွေရဲ့ ဘဝတွေ အကြောင်းကို တစ်စိတ်တစ်ပိုင်းတွေ့မြင်ကြရမှာဖြစ်ပါ တယ်။

ယခုသီတင်းပတ်မှာ စတင်ရုံတင်သွားမယ့် "ကျွန်" ရုပ်ရှင်ကားကြီးကိုတော့ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် က ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာထွန်း သီရိ၊ မင်္ဂလာ၊ ဝင်းလိုက်၊ မြို့မ စတဲ့အဆင့်မြင့်ရုပ်ရှင်ရုံကြီး တွေမှာ တစ်ပြိုင်နက်ရုံတင်သွားမှာဖြစ်ပါတယ်။

"လူများကို ခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလို ရှိသည်" ရုပ်ရှင်ကားကတော့ ဝိညာဉ်တွေအကြောင်းကို ထိတ်လန့်ဖွယ်ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။ သရဲခြောက်တဲ့ အိမ်ကြီးအတွင်း အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိသွားကာ အခြားသောသူတွေကို ခြောက်လှန့်ဖို့ ကြိုးပမ်းရင်းက ကိုယ်တိုင်သေဆုံးပြီးသားဖြစ်နေတာကို သိလိုက်ရတဲ့ လူတစ်စုရဲ့အကြောင်းကို စိတ်လှုပ်ရှားဖွယ် တင်ဆက်ထားတာဖြစ်ပါတယ်။

ဒါရိုက်တာညိုမင်းလွင် ရိုက်ကူးပုံဖော်ထားတဲ့ ယင်း ရုပ်ရှင်ကိုတော့ ယခုသီတင်းပတ်အတွင်း ရွှေ့ဆောင်ရုပ်ရှင် ရုံမှာ ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။

အေးမြတ်သူ အဓိကဇာတ်ဆောင်အဖြစ် ပါဝင် ထားတဲ့ ဒါရိုက်တာမီးပွားရဲ့လက်ရာ "ခေါက်ထီးကလေး မလုံ့တလုံ"ရုပ်ရှင်မှာတော့ မင်းမော်ကွန်း၊ စိုးပြည့်သဇင်တို့ က အားဖြည့်ထားကြကာ မင်္ဂလာဝဇီရာ(လှိုင်သာယာ)မှာ ရုံတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုသီတင်းပတ်အတွင်း ပြသသွားမယ့် နိုင်ငံခြား ရုပ်ရှင်တွေကတော့ ဘောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင် "Bahubali"ရဲ့ နောက်ဆက်တွဲရုပ်ရှင်နဲ့ ဟောလိဝုဒ်ရုပ်ရှင်တွေအဖြစ် "King Arthur: Legend of the Sword"၊ "Guardians of the Galaxy(volume 2)"နဲ့ "Alien" တို့ဖြစ်ကြကြောင်း ကြေးမုံရုပ်ရှင်ချစ် ပရိသတ်ကြီးထံ သတင်းကောင်းပါး လိုက်ပါတယ်။

# ရာသီဥတုသည် သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်သက်ဆိုင်၍ လူတိုင်းတွင်တာဝန်ရှိ

**ပဲခူး မေ ၂၅**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၂၄ ရက် နံနက် ၁၀ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ ရှင်းလင်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကမ္ဘာကြီးတွင် ပူလောင်မှုများ၊ ရေကြီးမှုများစသည့် ရာသီဥတုပြောင်းလဲမှုတွေ တွေ့ကြုံခံစားနေရကြောင်း၊ ခံစားမှုများကို ဖြေလျှော့ပေးနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်တွေ့နယ်ပယ်မှာ လူသားအားလုံး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက လက်ရှိကမ္ဘာကြီးမှာ ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့နေရခြင်းသည် သတိပေးနေခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်အား ဆက်လက်မထိန်းသိမ်းပါက ပိုမိုဆိုးရွားသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ရာသီဥတုသည် သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်သက်ဆိုင်နေ၍ လူတိုင်းမှာ တာဝန်ရှိနေပါကြောင်းနှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီအောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးအောင်က ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးခိုင်ထွန်းက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများမှ မေးခွန်းများ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။



အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**

# ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး၍ ဒေသခံကျောင်းသားများအဆင်ပြေ

**တပ်ကုန်း မေ ၂၅**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ပိုမိုအဆင်ပြေစေရေးအတွက် မတ် ၂၆ ရက်မှစတင်၍ ကျောင်းဆောင်သစ်ဆောက်လုပ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းဆောင်သစ်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာရှိ ကျောင်းဆောင်သစ်အား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) လုပ်ငန်းခွဲအဖြစ် အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်အဆောက်အအုံကို စီမံကိန်းထောက်ပံ့ငွေကျပ် ၉၉၆၁၆၅၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး ယင်းအဆောက်အအုံဆောက်လုပ်မှုဆိုင်ရာများ ကျေးရွာအဆင့်လုပ်ငန်းသုံးသပ်ခြင်းနှင့် လူထုစစ်ဆေးပွဲ ပြုလုပ်ကြောင်း သိရသည်။



ထိုကျောင်းဆောင်သစ်သည် ကျောင်းဖွင့်ရာသီ ပြီးစီးပြီဖြစ်၍ ဒေသခံကျောင်းသား၊ ကျောင်းသူများ ယခင်ကထက်စာသင်ကြားရေး ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

# သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**လမ်းမတော် မေ ၂၅**
အနောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏စီစဉ်မှုဖြင့် မေ ၂၄ ရက် နံနက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ အဆုတ်နှင့်ရင်ခေါင်း၊ ဆီးနှင့်ကျောက်ကပ်ဆေးအထူးကုဆေးရုံရှေ့ (ပြည်လမ်းမှ ဝါးတန်းလမ်း) ထိ ပြည်သူ့အကျိုးပြု အထူးသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရေး ဆောင်ရွက်ကြသည်။

"မြို့နယ်မှာရှိတဲ့ သန့်ရှင်းရေးလုပ်သား၊ လမ်းတံတားလုပ်သားတွေအပြင် ခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ အင်အား ၈၅ ဦးပေါင်းစုပြီး ပြည်သူတွေ အကျိုးရှိစေဖို့ အထူးသန့်ရှင်းရေးဆောင်ရွက်တာပါ။ လမ်းမတော်မြို့နယ်ရဲ့ အဓိကနေရာတွေဖြစ်တဲ့ ကျုံးကြီးလမ်းရေနုတ်မြောင်းမကြီးနဲ့ ကမ်းနားလမ်းတစ်လျှောက်ကိုလည်း လူအင်အားနဲ့ ရေစီးရေလာလုပ်ငန်းတွေ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ အမှိုက်တွေကို စနစ်တကျစွန့်ပစ်ပေးရန် အထူးလိုအပ်လျက်ရှိပြီး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်ပါတယ်" ဟု လမ်းမတော်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အေးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်ဝေတို့က အကြံပြုပြောကြားခဲ့သည်။

အထူးသန့်ရှင်းရေးဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူးဦးချိုထွန်းအောင်နှင့် ခရိုင်မှူးဦးအောင်ထိုက်၊ စီမံရေးရာဌာန ခရိုင်ခွဲမှူး ဦးဝင်းမောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အေးတို့က လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **မောင်မောင်**



# မိုးကောင်းမြို့နယ်ပင်းဘောကျေးရွာတိုက်နယ်ဆေးရုံ တိုးချဲ့လူနာဆောင်လွှဲပြောင်းပေးအပ်

**မိုးကောင်း မေ ၂၅**
ဂျပန်နိုင်ငံအစိုးရနှင့် နိုင်ငံသားများ၏ စုပေါင်းလှူဒါန်းမှုမှ ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသွားသော မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာတိုက်နယ်ဆေးရုံ တိုးချဲ့လူနာဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဒုတိယအတွင်းဝန် မစ္စတာဟီဂါရှိနှင့် တာဝန်ရှိသူများက တိုးချဲ့လူနာဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဒုတိယအတွင်းဝန် မစ္စတာဟီဂါရှိက တိုးချဲ့လူနာဆောင်အဆောက်အအုံသစ် ဆောက်လုပ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးခြင်းဖြင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြား၍ ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ မြစ်ကြီးနားခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံထံသို့ တိုးချဲ့လူနာဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အဆိုပါအဆောက်အအုံမှာ အမေရိကန်ဒေါ်လာ ၉၆၇၇၄ အကုန်အကျခံကာ အလျားပေ ၇၀၊ အနံ ၄၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး အာစီအဆောက်အအုံဖြစ်ပြီး အဆောက်အအုံတွင် လူနာ ၁၆ ဦး အား တိုးချဲ့လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးစွမ်းနိုင်မည်ဖြစ်ကာ ပတ်ဝန်းကျင် ကျေးရွာ ၂၀ မှ လူဦးရေ ၁၂၀၀၀ ကျော်အတွက် အားထားရာဆေးရုံဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

# စစ်တောင်းမြစ်ဝှမ်းဒေသ (ပြွန်တန်ဆာလွင်ပြင်) စိမ်းလန်းစိုပြည်ရေးနှင့် လယ်မြေဧက တစ်သောင်းကျော် ရေနစ်မြုပ်မှုမှကာကွယ်နိုင်မည့် ရေလွှဲထိန်းတာတည်ဆောက်လျက်ရှိ



**ပဲခူး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်းဒေသ (ပြွန်တန်ဆာလွင်ပြင်) စိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသတစ်ခုဖြစ်သည့် တာဦး-ဆင်ရွာ ရေလွှဲထိန်းတာ တည်ဆောက်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တာအလျားမိုင် ၂၉ မိုင်ခန့်ရှည်လျားသည့် အဆိုပါတာကို နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အပိုင်းလိုက်ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ်က မြေသားတာ အရှည်ငါးမိုင်ကျော်အား ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြေသားတာအလျားရှစ်မိုင်ကျော်အား ထပ်မံဆောင်ရွက်ပြီးဖြစ်သည်။

ဆက်လက်ဆောင်ရွက်ရန် မြေသားတာအလျား ၁၆ မိုင်နှင့် လိုအပ်သောနေရာများတွင် ရေနုတ်ရေထုတ်အဆောက်အအုံများဆောက်လုပ်ရန်ကျန်ရှိနေပြီး ၎င်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက လယ်မြေဧက ၁၀၀၀၀ ကျော်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်သည့်အပြင် မြို့နယ်ချင်း၊ ကျေးရွာချင်း ဆက်သွယ်ရေးလမ်းအဖြစ်ပါ သွားလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့ကာ ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်မည့် တာတစ်ခုဖြစ်ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

## ကျောက်တန်းမြို့၌ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်အသိပညာပေး

**ကျောက်တန်း မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် မှုခင်းပညာပေးပြခန်းယာဉ်သည် မေ ၂၂ ရက် နံနက် ၉ နာရီခွဲက ကျောက်တန်းမြို့သို့ရောက်ရှိလာရာ ကျောက်တန်းမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဆွေနှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့(ရန်ကုန်) တပ်ဖွဲ့စု ၅၄ ကျောက်တန်းမြို့မှ ဒုရဲမှူးလှကျော်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၆) မှ ရဲအုပ်သိန်းငွေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု ၄၂ မှ ရဲအုပ်တေဇာလွင်တို့လိုက်ပါလျက် ကျောက်တန်းမြို့ ပါဒကြီးလမ်းဆုံ၌ရပ်တန့်၍ ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ပြည်သူ ၁၆၅ ဦး လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



## ထားဝယ်တက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဖွင့်

**ထားဝယ် မေ ၂၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာနမှ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ရှိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မမလေးက ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းကို ထားဝယ်တက္ကသိုလ်တွင် မေ ၂၃ ရက်မှ ၃၀ ရက်အထိ စခန်းသွင်းဖွင့်လှစ်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၄၈ ဦးတက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကျေးလက်ရေးပေးရေး လုပ်ငန်းကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် မေ ၂၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝဲခမိကျေးရွာတွင် တင်ဒါခေါ်ယူဆောင်ရွက်မည့် ရေပေးရေးလုပ်ငန်းဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာအား မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က မေ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်မှူး**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် မိုးရေကို သိုလှောင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဓိကမိုးနည်းရေရှားရပ်ဝန်းဒေသများတွင် မြေအောက်ရေရှားပါးမှုပြဿနာများ ကြုံတင်ကာကွယ်ရန်အတွက် မိုးရေကို သိုလှောင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမိုးသစ်က ပြောသည်။

"ရွာချတဲ့မိုးရေကို ချက်ချင်းအလွယ်တကူ စီးဆင်းမသွားစေဘဲ မြေကြီးထဲစိမ့်ဝင်သွားအောင် ဘယ်လိုလုပ်မလဲ။ တစ်ဖက်ဆယ်ကန်တွေ၊ နုန်းတားဆည်တွေ လုပ်မလား။ တိမ်ကောနေတဲ့ ဆည်တွေကို ပြန်ဆယ်မလား။ ဒါတွေကို အကြမ်းဖျင်းဆွေးနွေးဆောင်ရွက်သွားမယ်။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်လာဖို့လည်း လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးသည် မြေအောက်ရေကို ၉၀ ရာခိုင်နှုန်း သုံးစွဲလျက်ရှိခြင်းကြောင့် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်အနက် အဓိကမိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သော ကျောက်ဆည်၊ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်များတွင် ယင်းအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့မှာက ကန်ထဲကရေကို ပိုက်လိုင်းကနေပြီး အလွယ်တကူသုံးစွဲလို့ရနေတဲ့အတွက် မြေအောက်ရေရဲ့တန်ဖိုးကို နားမလည်ကြဘူး။ မြေအောက်ရေကို ဘယ်လောက်အထိ ခက်ခက်ခဲခဲ တူးပြီး သုံးစွဲနေရတယ်ဆိုတာကို မိုးခေါင်တဲ့ဒေသတွေသာသိကြတယ်။ ဒါကြောင့် မိုးရေကိုတန်ဖိုးထားသုံးစွဲတတ်အောင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်အောင် ဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးဌာနများဖြစ်သည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျောက်ကြီးမြို့နယ် မိုးရာသီစိုက် စိုက်ပျိုးစရိတ်ဘဏ်ချေးငွေများထုတ်ချေး

**ကျောက်ကြီး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ၂၀၁၇ ခုနှစ် မိုးရာသီ သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်စေရေး တောင်သူများ အခက်အခဲမရှိစေရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မေ ၂၃ ရက် နံနက်ပိုင်းက ကျောက်ကြီးမြို့နယ် ဂမုန်းအိုင်ကျေးရွာအုပ်စု ဂမုန်းအိုင်ကျေးရွာမှ လယ်ဧက(၄၆၃)ဧက၊ တောင်သူ ၆၉ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၉၄ သိန်း ငါးသောင်းကို ထုတ်ချေးပေးခဲ့သည်။

ထို့နောက် မြို့နယ်အကြံပေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်မျိုးအောင်က တောင်သူလယ်သမားများအား အကျိုးရှိစွာအသုံးပြုနိုင်ဖို့ ထုတ်ချေးကြောင်း အမှာစကားပြောကြားပြီး စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေများ ပုလဲမြို့နယ်တွင် စတင်ထုတ်ချေး

**ပုလဲ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံသားများ၏ စားနပ်ရိက္ခာဖူလုံရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရာသီအလိုက်စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက်မှစတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်အောင်မြင့်က "မေလထဲမှာ မိုးစတင်ရွာသွန်းခဲ့ပြီဖြစ်လို့ စိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ ဂျပ်ကျေးရွာအုပ်စုရှိ တောင်သူ ၃၁ ဦးအတွက် စပါး ၉၅ ဧကနှင့် နှမ်း ၁၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁၅၁ သိန်းကို စတင်ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ ကျေးရွာအုပ်စုအလိုက် မိမိတို့ဆန္ဒအရ စိတ်တူကိုယ်တူဖွဲ့ထားတဲ့ တောင်သူသုံးဦးတစ်ဖွဲ့စနစ်နဲ့ စပါးတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၇၉၉၆၀၀၀၀ ကို ထုတ်ချေးခဲ့ရာ တောင်သူများအနေဖြင့် ပြန်လည်ပေးဆပ်ရန် ငွေကျပ် ၅၈၉၂၀၅၀၀၀ ကျန်ရှိနေသောကြောင့် ထုတ်ချေးငွေများထဲက ၈၇ ဒသမ ၇၂ ရာခိုင်နှုန်းသာ ပြန်လည်ရရှိခဲ့ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်မဆပ်နိုင်သေးသည့် တောင်သူများကို ထပ်မံထုတ်ချေးပေးမည်မဟုတ်ဘဲ အပြေအကျေပေးဆပ်ခဲ့သည့် ကျေးရွာအုပ်စုများနှင့် တောင်သူအစုအဖွဲ့များကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြားသီးနှံတစ်ဧကကို ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် တစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့ရာ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသော တောင်သူများအနေဖြင့် နိုင်ငံတော်က စေတနာထားဆောင်ရွက်ပေးမှုကို အသိအမှတ်ပြုပြီး စိုက်ပျိုးစရိတ်ချေးငွေများကို အမြန်ဆုံးပြေကျေအောင် ပေးဆပ်ဖို့လိုကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်အောင်မြင့်က ဆက်လက်ပြောကြားသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ တောင်သူ ၁၂၀၀၀ ၏ စပါးဧက ၃၁၀၀၀၊ နှမ်းဧက ၁၇၀၀၀၊ ပဲတီစိမ်း ဧက ၈၀၀၀၊ ပဲစိမ်းငုံ ဧက ၈၀၀၀ နှင့် အခြားသီးနှံ ဧက ၃၀၀ အတွက် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၃၁၅ သန်းကို ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံ ဧက ၁၁ သိန်းကျော်စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၂၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ပဲမျိုးစုံ ဧက ၁၁၆၂၂၉ ဧက စိုက်ပျိုးသွားရန်လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် ပဲတီစိမ်း ၄၂၆၄၈၁ ဧက၊ ပဲစင်းငုံ ၅၅၇၈၅၃ ဧက၊ ပဲပုပ် ၂၃၄၂ ဧက၊ ပဲလွမ်း ၁၄၂၆၅ ဧက၊ မတ်ပဲ ၁၃၄၂၆ ဧက၊ စွန်တာပြာ ၁၀၂၃၆၀ ဧက၊ ထောပတ်ပဲ ၁၂၄၀၂ ဧက၊ ပဲယင်း ၁၁၇၇ ဧက၊ ပဲကြီး ၁၀၆၁၃ ဧက၊ အခြားပဲ ဧက ၂၁၃၁၀ ကို စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ လူဦးရေက မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ပုံ ၁ ပုံရှိတယ်။ နောက်ပြီး စက်မှုဇုန်တွေရဲ့ ပဲမျိုးစုံနဲ့ပတ်သက်တဲ့ ကုန်စည်ထုတ်လုပ်မှုကလည်းရှိတယ်။ ပဲစားသုံးမှုနဲ့ ကုန်စည်ထုတ်လုပ်မှုတွေအားကောင်းတော့ စပါးစိုက်ပျိုးရေးပြီးရင် ပဲမျိုးစုံစိုက်ပျိုးမှုက အများဆုံးပဲ။ ပိုလျှံတဲ့ပဲတွေကိုလည်း အခြားတိုင်းဒေသကြီး၊ နိုင်ငံခြားကိုပို့နိုင်တဲ့အထိ စိုက်ပျိုးထုတ်လုပ်မှုတွေရှိပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲမျိုးစုံစိုက်ပျိုးရန်လျာထားမှုများအနေဖြင့် စစ်ကိုင်းခရိုင်အတွင်း ၁၈၀၄၀၈ ဧက၊ မုံရွာခရိုင်အတွင်း ၂၆၁၁၃၇ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၁၉၂၂၉၇ ဧက၊ ရွှေဘိုခရိုင်အတွင်း ၃၀၆၆၅၂ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၂၀၂၀၂၅ ဧက၊ ကသာခရိုင်အတွင်း ၁၃၂၁ ဧက၊ ကလေးခရိုင်အတွင်း ၁၄၂၈၄ ဧက၊ ခန္တီးခရိုင်အတွင်း ၂၈၅ ဧကနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဧက ၃၈၂၀ ပဲမျိုးစုံ စုစုပေါင်း ၁၁၆၂၂၂၉ ဧကကို ယခုနှစ်မိုးရာသီအတွင်း စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## မြစ်ကြီးနားတက္ကသိုလ် သမိုင်းဘာသာရပ်ဌာနမှ ကျောင်းသား၊ ကျောင်းသူများ လေ့လာရေးခရီးစတင်ထွက်ခွာ

**မြစ်ကြီးနား မေ ၂၅**

မြစ်ကြီးနားတက္ကသိုလ် သမိုင်းဘာသာရပ်ဌာနတွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား သမိုင်းဘာသာရပ်ဆိုင်ရာ ဗဟုသုတများ လေ့လာနိုင်ရန် လေ့လာရေးခရီးစဉ်အဖြစ် မေ ၂၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားတက္ကသိုလ်မှ အဆင့်မြင့် မှန်လုံယာဉ်နှစ်စီးဖြင့် ထွက်ခွာခဲ့သည်။

အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ သမိုင်းဘာသာရပ်ဌာန တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဆွေညွန့်က "ကျောင်းသား၊ ကျောင်းသူတွေကို မေ ၃၁ရက်အထိ ခုနစ်ရက်ကြာ လေ့လာရေးခရီးစဉ်အဖြစ် မန္တလေးနန်းမြို့ရိုး၊ ပြင်ဦးလွင်၊ နေပြည်တော်ကောင်စီနယ်မြေရှိ လွှတ်တော်များ၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပား၊ မကွေးတိုင်းဒေသကြီးရှိ ပုဂံ၊ ညောင်ဦးမြို့များရှိ သမိုင်းဝင် အထင်ကရနေရာတွေကို ကျောင်းသားကျောင်းသူတွေ သိရှိနိုင်ရန် လိုက်ပါပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါခရီးစဉ်တွင် သမိုင်းဘာသာရပ်ဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာအမ်ရွယ်နှောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဆွေညွန့်နှင့် ကြီးကြပ်သူဆရာ၊ ဆရာမ ၁၀ ဦးတို့က လိုက်ပါပို့ဆောင်ပေးခြင်းဖြစ်ကာ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦး လိုက်ပါကြသည်။ **သူရိန်စိုး(ကချင်မြေ)**

# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

MYANMAR CONSTRUCTION MCEA ENTREPRENEURS ASSOCIATION

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA) နိုင်ငံလုံး ဆိုင်ရာ ညီလာခံကို ၂၀၁၇ ခုနှစ်၊ မေလ(၁၉)ရက်နေ့တွင် ရန်ကုန်မြို့ (MCEA)ရုံးချုပ်ခန်းမအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အခမ်းအနားကြီးသို့ ကြွရောက်၍ လမ်းညွှန်အမှာစကား ပြောကြားပေးပါသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အားလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ အားလည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဗိသုကာအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခြား အသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအဖွဲ့များ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကုမ္ပဏီအဖွဲ့အစည်းများအားလည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်း (MCEA) မှ အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကချင်ပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကယားပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ချင်းပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(စစ်ကိုင်းတိုင်းဒေသကြီး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(တနင်္သာရီတိုင်းဒေသကြီး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပဲခူးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မကွေးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရခိုင်ပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ဧရာဝတီတိုင်းဒေသကြီး)

1 ကျပ် ရင်းလျှင် 3 ကျပ် ရနိုင်မည့်အခွင့်အရေး

LaVilla
NGWE SAUNG
PHASE-II

WEEKEND HOME @ ငွေဆောင်

ငွေပိုသူများ
ရင်းနှီးမြှုပ်နှံရန်

လုပ်ငန်းရှင်များ
အနားယူရန်

ချစ်သူများ
အပန်းဖြေရန်

SEA VIEW လုံးချင်းအိမ်ရာမြေ

သိန်း( ၃၀၀ )ခန့် ပေးရုံဖြင့်

APRIL - 2018 နေထိုင်ခွင့်ရမည်။

27,28- May- 2017
9:00 am to 9:00pm
Meliá Yangon Hotel
iGREEN မှရောင်းမည်။



Delicious Dim Sum Restaurant

Fillet & Vegetable Steam

ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကို

ဈေးနှုန်းချိုသာစွာဖြင့်သုံးဆောင်နိုင်ပါသည်။

One Potion | Dinner

10% off

Exp: 30.6.17

အမှတ်(၁၅၅)၊ဝေဇယန္တာလမ်း၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။(ရတနာလမ်းနှင့်မေတ္တာလမ်းကြား) / Ph: 09 459947571, 09 459947572

ကိုကျော်နိုင် CAR RENTAL

မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။

09 25 358 2510

ODYSSEY

ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ် ဘိုင်အရောက်ပို့ဝန်ဆောင်မှု

09 73187799, 09 73070193

အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

ယမင်းသူ

ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

09 5174914, 09 5136421

CKC JEWELRY By Win & San

စိန်ထည်လက်ဝတ်ရတနာလုပ်ငန်းတွင် နှစ်ပေါင်း(၃၀)ကျော် အောင်မြင်စွာလုပ်ကိုင်လျက်ရှိသော Win & San Diamonds and Fine Jewelry မှ စိန်ရွှေရတနာချစ်မြတ်နိုးသူအားလုံးအတွက် ခေတ်မီဆန်းသစ်သောလက်ဝတ်ရတနာများကို သင့်တင့်မျှတသော ဈေးနှုန်းများနှင့် ဆင်မြန်းစေလိုသော စေတနာဖြင့် Brand အသစ်စတင်ပြီး ဖွင့်လှစ်လိုက်သော **CKC Jewelry by Win and San** ၏ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံကျော်တေးသံရှင် နီနီခင်ဇော်နှင့် Myanmar Idol မှ သားငယ်၊ Billyလမင်းအေး၊ ပိုးမီ၊ ရဲနောင်၊ ဇင်ကြီးတို့ဖြင့် တခမ်းတနား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆိုင်သစ်ဖွင့်ပွဲ အထူးအစီအစဉ်အဖြစ် **5% to 30% (Special Discount)** အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားပါမည်။

နေ့ရက် - (၂၇. ၅. ၂၀၁၇)စနေနေ့မှ (၂၉. ၅. ၂၀၁၇)တနင်္လာနေ့ထိ

အချိန် - နံနက် (၁၀း၀၀) မှ ည (၉း၀၀)ထိ

နေရာ - အခန်း(၂၀၂)၊ ပထမထပ်၊ Junction City Shopping Centre (Promotion Area)အနီး

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Since 1996 Home

think of House, think of Home

ပါကေး အစားထိုး ကြမ်းခင်း မိုးရာသီ Promotion

ကြမ်းခင်း ၃ ကျင်း ဝယ်လျှင် Shelf ၁ ပုံး လက်ဆောင်

★ Grade A,B,C,D အစစ်များသာရောင်းပါသည်

★ ဈေးနှုန်းအနိမ့်ဆုံး → အမြင့်ဆုံးအထိရှိပါသည်

★ လက္ကားဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

GRADE A,B,C,D စစ်မှန်မှုကို စက်ဖြင့် အခမဲ့ လက်တွေ့ စစ်ဆေးပေးသည်။

ပိတ်ရက်မရှိ

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။

➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ ပဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 71, 09-79 700 70 81

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုဂ္ဂ) (ဖော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

ဒေါ်ခင်မာရွှေ (B.Med.Tech)

၉တန်း၊ ၁၀တန်း (Special Guide) ဘာသာစုံအိမ်လိုက်သင်သည်။ မေးခွန်းဟောင်းများ အထူး လေ့ကျင့်ပေးသည်။

Ph:09-5159730,376849

ဒဂုံမြို့သစ်

အငှားပိုင်း ဘိုက်ပမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

09-6809893

09-5120620

ရွှေနန်းခံ

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)

Ph: 09-425308777, 09-770639155, 09-261111549

Golden Valley Inn (GVI)

US သံရုံး ၊ တောင်ကိုရီးယားသံရုံးအနီး ပြင်ဆင်မှု အသစ် ဝန်ဆောင်မှုအသစ်နှင့် ကျယ်ဝန်းသော Car Parking ရှိ

17(A), အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်း။

PH : 01- 524 173

09 - 253 000 201

09 - 253 000 202

Wifi Free

အထူး Discount - 10000

(With Breakfast) 27000

(With Breakfast) 35000

Foreigner (With Breakfast) $40

Facebook (Golden Valley Inn) တွင် Promotion အစီအစဉ်များကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



# SEAGP က ယခုနှစ်အတွက် ဒေသလူမှုစီးပွားဖွံ့ဖြိုးရေး ဒေါ်လာ ငါးသိန်းမှ ၁၀ သိန်းသုံးစွဲရန်လျာထား

**ရန်ကုန် မေ ၂၅**

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP)သည် ယခုနှစ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ငါးသိန်းမှ ၁၀ သိန်းအထိသုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Li Zhi Lin က ပြောသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ နံနက်ပိုင်းကကျင်းပသည့် အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP)၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) လုပ်ငန်းအစီရင်ခံစာ ထုတ်ပြန်ရှင်းလင်းပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီအနေနဲ့ ကျောက်ဖြူနဲ့ မဒဲကျွန်းဒေသခံတွေရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ လျှပ်စစ်ဓာတ်အားနဲ့ သောက်သုံးရေ ပြည့်ဝစွာရရှိရေးကို ငါးနှစ်အတွင်း အကောင်အထည်ပေါ်အောင် ကြိုးစားနေပါတယ်။ CSR လုပ်ငန်းတွေအတွက် ဒီနှစ် အမေရိကန်ဒေါ်လာ ငါးသိန်းကနေ ၁၀ သိန်းအထိသုံးစွဲဖို့ လျာထားပါတယ်"ဟု ၎င်းက ဆိုသည်။

ပိုက်လိုင်းစီမံကိန်းစတင်ချိန်မှ ယခုနှစ် မတ်လကုန်အထိ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းမှ မြန်မာနိုင်ငံလူမှုပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၂၅၀၀၀ ကိုလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့်ကုမ္ပဏီများနှင့်အတူ ပိုက်လိုင်းဖြတ်သန်းရာဒေသများ၌ လူမှုစီးပွားလုပ်ငန်းပေါင်း ၁၂၀ အတွက် အမေရိကန်ဒေါ်လာ ၁၈၃ သိန်းကိုလည်းကောင်း သုံးစွဲခဲ့ကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**




**အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP) ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) လုပ်ငန်းအစီရင်ခံစာ ထုတ်ပြန်ရှင်းလင်းပွဲ အခမ်းအနားကျင်းပစဉ်။**

# မြို့တွင်း YBS ၅၆ ယာဉ်လိုင်းတွင် Foton စီးတီးဘတ်စ်များ စတင်ပြေးဆွဲ

**ရန်ကုန် မေ ၂၅**

ယခုလအတွင်း ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သော ပြည်ပမှဝယ်ယူထားသည့် Foton စီးတီးဘတ်စ်ယာဉ်ကြီးများကို မေ ၂၅ ရက်မှစတင်ကာ မြို့တွင်း YBS ၅၆ ယာဉ်လိုင်းတွင် စတင်ထည့်သွင်းပြေးဆွဲခဲ့သည်။

ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီမှ ဝယ်ယူထားသည့် အဆိုပါ Foton စီးတီးဘတ်စ် အစီး ၁၀၀ သည် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး အဆိုပါယာဉ်များကို မြို့တွင်းလမ်းကြောင်းတွင် ပြေးဆွဲနေသည့် YBS ၅၆ ယာဉ်လိုင်းတွင် ထည့်သွင်းပြေးဆွဲခဲ့ခြင်းဖြစ်သည်။

မြို့တွင်း သီးသန့်ပြေးဆွဲနေသည့် ယာဉ်လိုင်း သုံးလိုင်းဖြစ်သော YBS ၅၆၊ ၅၇၊ ၅၈ ယာဉ်လိုင်းတို့တွင် မီနီဘတ်စ်များဖြင့် ပြေးဆွဲနေခြင်းကို မေ ၂၄ ရက် နောက်ဆုံးထားကာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**




# အကြိတ်အနယ် ပွဲကောင်းများဖြင့် MNL ပွဲစဉ် (၁၅)

**ရန်ကုန် မေ ၂၅**

ယခုတစ်ပတ်ယှဉ်ပြိုင်ကစားမည့် ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅)မှာ အကြိတ်အနယ်ပွဲကောင်းများဖြင့် ရောက်ရှိလာတော့မည်ဖြစ်သည်။ ချန်ပီယံဆုအတွက် အရေးပါသည့် ရတနာပုံနှင့် ရန်ကုန် တန်းဆင်းဇုန်အတွက် ပြိုင်ဆိုင်ရမည့် GFA နှင့် နေပြည်တော်တို့အပါအဝင် ခြောက်ပွဲစလုံး ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။

ပွဲစဉ်(၁၅)အဖြစ် မေ ၂၇ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် နေပြည်တော်အသင်း၊ မေ ၂၈ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်ယှဉ်ပြိုင်မည့် ပွဲစဉ်တိုင်းမှာ အဆင့်တစ်ခုစီတိုင်းအတွက် အရေးပါနေပြီး စိတ်ဝင်စားစရာကောင်းနေသည်။ ထိပ်ဆုံးနေရာအတွက် ရတနာပုံ-ရန်ကုန်ပွဲမှာ အရေးပါနေပြီး ငါးမှတ်ကွာဟနေမှုကိုလျှော့ချရန် ရတနာပုံအတွက် အကောင်းဆုံးအခွင့်အရေးဖြစ်နေသည်။ ရတနာပုံအသင်းအနေဖြင့် ချန်ပီယံဆုကာကွယ်လိုပါက ယခုပွဲကို မဖြစ်မနေအနိုင်ကစားရမည်ဖြစ်ပြီး **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**

